မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၀ ပြည့်နှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၄ ရက်၊ ၂၀၀၈ ခုနှစ်၊ နိုဝင်ဘာ ၁၆ ရက်၊ တနင်္ဂနွေနေ့၊ အတွဲ(၄၈)၊ အမှတ်(၄၇)

အထူးစီမံကိန်းများ အကောင်အထည်ဖော်ရေး အဖွဲ့ဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေ အထူးစီမံကိန်း များ အကောင်အထည် ဖော်ရေးအဖွဲ့၏(၁/၂၀၀၈) ညှိနှိုင်း အစည်းအဝေးတွင် နိဂုံးချုပ် အမှာစကားပြော ကြားစဉ်။

(သတင်းစဉ်)

ရေရှည် အကျိုးဖြစ်ထွန်းရေး ဆက်လက်အကောင်အထည်ဖော်

မိမိတို့ ကြိုးပမ်းတည်ဆောက်သော စီမံကိန်း လုပ်ငန်းများသည် ပြည်ထောင်စုကြီး ဖွံ့ဖြိုးတိုးတက် ရေး၊ တိုင်းရင်းသားပြည်သူအားလုံး၏လူနေမှုအဆင့် မြင့်မားရေးနှင့် မိမိတို့၏ မျိုးဆက်သစ် နောင်လာ နောက်သားများ လက်ထက်အထိ ရေရှည်အကျိုး ဖြစ်ထွန်းရေးတို့ကို ဖော်ဆောင်နိုင်ရမည် ဆိုသည့် အသိစိတ်ဓာတ်ဖြင့် စီမံကိန်းလုပ်ငန်းများကို ဖိဖိစီးစီး ထိထိရောက်ရောက် ဆက်လက်ကြိုးပမ်း အကောင် အထည်ဖော်။

တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သောစီမံကိန်းလုပ်ငန်းများ ထိထိရောက်ရောက် မြန်မြန်ဆန်ဆန်ပြီးစီးအောင် ကြိုးစားလုပ်ကိုင်

နေပြည်တော် နိုဝင်ဘာ ၁၅

အထူးစီမံကိန်းများအကောင်အထည်ဖော်ရေးအဖွဲ့၏ (၁/၂၀၀၈) ညှိနှိုင်းအစည်းအဝေးကို ယမန်နေ့ မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)စစ်ဆင်ရေး အစည်းအဝေးခန်းမ၌ကျင်းပရာ အထူးစီမံကိန်းများအကောင်အထည်ဖော်ရေးအဖွဲ့ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်အတူ အထူးစီမံကိန်းများ အကောင်အထည်ဖော်ရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၊ အထူးစီမံကိန်းများအကောင်အထည်ဖော်ရေးအဖွဲ့ အဖွဲ့ဝင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

စာမျက်နှာ ၃ ကော်လံ ၁ ●

စိုက်ပျိုးသီးနှံများ အထွက်တိုးရေးအတွက် အားထားနေရသည့် ပေါင်းလောင်းရေလှောင်တမံနှင့် ဒေသဝန်းကျင်သို့ လျှပ်စစ်ဓာတ်အားဖြန့်ဝေပေးလျက်ရှိသည့် ပေါင်းလောင်း မြေအောက်ဓာတ်အားပေးစက်ရုံတို့၏ မြင်ကွင်းပသာဒကို ဤသို့လှပဝင့်ထည်စွာ တွေ့ရသည်။ (ဓာတ်ပုံမှတ်တမ်း-မြန်မာ့အလင်း)

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၈ ခုနှစ် နိုဝင်ဘာ ၁၆ရက်)

အထူးစီမံကိန်းများ အကောင်အထည်ဖော် ဆောင်ရွက်ခြင်းဖြင့် နောင်လာနောက်သားများအတွက် အမွေခံကောင်းများရရှိ

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အထူးစီမံကိန်းများအကောင်အထည်ဖော်ရေးအဖွဲ့၏(၁/၂၀၀၈)ညှိနှိုင်းအစည်းအဝေးကို နိုဝင်ဘာ ၁၄ရက် မွန်းလွဲ ၂နာရီက နေပြည်တော်ရှိ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)စစ်ဆင်ရေးအစည်းအဝေးခန်းမ၌ ကျင်းပရာ အထူးစီမံကိန်းများအကောင်အထည်ဖော်ရေးအဖွဲ့ဥက္ကဋ္ဌ နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေတက်ရောက်၍ မှာကြားလမ်းညွှန်ခဲ့ပေသည်။

အထူးစီမံကိန်းများ အကောင်အထည်ဖော်ရေးအဖွဲ့သည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက်သာမက နောင်လာနောက်သားမျိုးဆက်သစ်များ အကျိုးရှိစေရေးအတွက် အခြေခံကောင်းဖြစ်စေမည့်စီမံကိန်းများကို ကြိုးပမ်းအကောင်အထည်ဖော်လျက်ရှိသည်။

အထက်မြန်မာပြည်နှင့် အောက်မြန်မာပြည် ဆည်တမံရေရရှိရေးလုပ်ငန်းများကို ဖိဖိစီးစီးထူထောင်ပေးခဲ့သဖြင့် စိုက်ပျိုးသီးနှံများ တစ်သီးစားစိုက်ပျိုးရာမှ နှစ်သီး၊ သုံးသီး သီးထပ်စိုက်ပျိုးလာနိုင်ခဲ့၍ တောင်သူလယ်သမားများ ဝင်ငွေတိုးကာ လူနေမှုအဆင့်အတန်းမြင့်မားလျက်ရှိပြီး စက်မှုလက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာရေးအတွက်လည်း နိုင်ငံပိုင်စက်ရုံကြီးများ တည်ဆောက်ကာ စက်မှုဇုန် ၁၈ဇုန် ထူထောင်ပေးထားပြီး ပုဂ္ဂလိကစက်မှုလုပ်ငန်းများ ဖွံ့ဖြိုးစည်ပင်လာစေရန် ပျိုးထောင်ပေးလျက်ရှိသည်။

နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး အဓိကအထောက်အကူပြုသည့် လျှပ်စစ်စွမ်းအားဖွံ့ဖြိုးရေးစီမံကိန်းများကိုလည်း တစ်ပြိုင်တည်း တည်ဆောက်ပေးလျက် ရေအားလျှပ်စစ်စီမံကိန်းကြီးများကိုလည်း ဆောင်ရွက်လျက်ရှိရာ မကြာမီ ပြီးစီးတော့မည်ဖြစ်သည်။

နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးပါပြီး အခြေခံကျသော အထူးစီမံကိန်းကြီးများကို ညှိနှိုင်းပေါင်းစပ် အကောင်အထည်ဖော်နိုင်ခဲ့မှုကြောင့် တိုင်းရင်းသားပြည်သူများ လူမှုစီးပွားဘဝ ပြောင်းလဲတိုးတက်လာသကဲ့သို့ အခြေခံကောင်းများကို ဘက်စုံ၊ကဏ္ဍစုံမှ ဖော်ဆောင်ပေးခြင်းဖြင့် နောင်လာနောက်သားများအတွက် အမွေခံကောင်းများရရှိစေပြီး နိုင်ငံဖွံ့ဖြိုးရေးကို ဆက်လက်သယ်ပိုးဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

- ✱ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✱ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✱ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✱ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

မြဝတီရုပ်မြင်သံကြား

၁၆-၁၁-၂၀၀၈ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ မြဝတီအဖွင့်
- ၇း၀၅ ၂။ အဖွင့်သီချင်း
- ၇း၁၀ ၃။ မျိုးချစ်တပ်မတော်
- ၇း၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇း၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
- ၇း၄၅ ၆။ **မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
- ၇း၅၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၇း၅၅ ၈။ အမျိုးသားရေးတေးကဗျာ
- ၈း၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈း၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ

နေ့လယ်ပိုင်း

- ၁၂း၀၀ ၁။ မြဝတီအဖွင့်
- ၁၂း၀၅ ၂။ အဖွင့်သီချင်း
- ၁၂း၁၀ ၃။ မျိုးချစ်တပ်မတော်
- ၁၂း၂၀ ၄။ မြဝတီရုပ်မြင်ပေါ်ကရုပ်ရှင် **နလုံးသားအတွက် ဟင်းတစ်ခွက်**
- ၁၃း၅၀ ၅။ အမျိုးသားရေးတေးကဗျာ

ညပိုင်း

- ၄း၀၀ ၁။ မြဝတီအဖွင့်
- ၄း၀၅ ၂။ အဖွင့်သီချင်း
- ၄း၁၀ ၃။ မျိုးချစ်တပ်မတော်
- ၄း၁၅ ၄။ ချိုမြလက်သံငြိမ့်ညောင်းဟန်
- ၄း၂၀ ၅။ စည်းကမ်းလိုက်နာ ဘေးကင်းကွာ
- ၄း၄၅ ၆။ မြန်မာသံစဉ်ချိုနားဝင်
- ၄း၅၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၅း၀၀ ၈။ သံစဉ်များနဲ့ကမ္ဘာ
- ၆း၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆း၁၀ ၁၀။ နိုင်ငံတကာသတင်း
- ၆း၂၀ ၁၁။ အမျိုးသားရေးတေးကဗျာ
- ၆း၃၅ ၁၂။ ကမ္ဘာ့အံ့ဖွယ် မျက်လှည့်ပညာရှင်များ
- ၆း၄၅ ၁၃။ လျှပ်တစ်ပြက်
- ၇း၀၀ ၁၄။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **သံယောဇဉ်နှောင်ကြိုး** (အပိုင်း-၂၄)
- ၈း၀၀ ၁၅။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၆။ မိုးလေဝသသတင်း
- ၁၇။ အမျိုးသားရေးတေးကဗျာ
- ၁၈။ ပဟေဠိနန်းတော်
- ၁၉။ ကျန်းမာသုတ
- ၂၀။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
- ၂၁။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ငါးကလေး** (အပိုင်း-၈)

ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့် ဆေးသိပ္ပံပညာဦးစီးဌာနအောက်ရှိ ဆေးတက္ကသိုလ်များနှင့် တက္ကသိုလ်များမှ ပါမောက္ခချုပ်များ၊ ပါမောက္ခဌာနမှူးများ၊ ကထိကများ၊ လက်ထောက်ကထိကများနှင့် ဆရာ ဆရာမများအား အမှာစကား ပြောကြားစဉ်။ (ကျန်းမာရေး)

အရည်အသွေးပြည့်ဝသောဆရာဝန်များ ဖြစ်လာစေရေးနှင့် နိုင်ငံတော်ကို အလုပ်အကျွေးပြုသူများဖြစ်လာစေရေး

ဆရာ ဆရာမများက ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြ

နေပြည်တော် နိုဝင်ဘာ ၁၅

ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်သည် ယမန်နေ့ နံနက် ၁၁နာရီက ရန်ကုန်မြို့ လမ်းမတော်လမ်းရှိ ဆေးတက္ကသိုလ်(၁) ရန်ကုန်စာသင်ဆောင်၌ ဆေးသိပ္ပံပညာဦးစီးဌာနအောက်ရှိ ဆေးတက္ကသိုလ်များနှင့် တက္ကသိုလ်များမှ ပါမောက္ခချုပ်များ၊ ပါမောက္ခဌာနမှူးများ၊ ကထိကများ၊ လက်ထောက်ကထိကများ၊ ဆရာ ဆရာမများနှင့် တာဝန်ရှိသူများအား တွေ့ဆုံသည်။

ကြိုးပမ်းဆောင်ရွက်

ရှေးဦးစွာ ဝန်ကြီး ဒေါက်တာကျော်မြင့်က အမှာစကားပြောကြားရာတွင် ဆေးပညာသင်ကြားနေကြသော ကျောင်းသား ကျောင်းသူများ၏ ပညာရည်မြင့်မားလာစေရေး၊ အရည်အသွေးပြည့်ဝသောဆရာဝန်ကောင်းများ ဖြစ်လာစေရေးနှင့် နိုင်ငံတော်ကို အလုပ်အကျွေးပြုနိုင်သည့် သဘောထားခံယူချက်ရှိသူများဖြစ်လာစေရေးအတွက် ဆရာ ဆရာမများကကြိုးပမ်းဆောင်ရွက်သွားကြစေလိုကြောင်းဖြင့်မှာကြားသည်။

ညှိနှိုင်းသုံးသပ်

ထို့နောက် ဘာသာရပ်ဆိုင်ရာပါမောက္ခ/ ဌာနမှူးများက ဘာသာရပ်အလိုက် သင်ကြားရေးဆိုင်ရာများနှင့်စပ်လျဉ်း၍ တင်ပြဆွေးနွေးကြပြီး ဝန်ကြီးက သုံးသပ်ညှိနှိုင်းပေးကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြို့တွင်းလမ်းများ ကောင်းမွန်စေရေး ပူးပေါင်းဆောင်ရွက်

မြို့သစ် နိုဝင်ဘာ ၁၅

မြို့သစ်မြို့ (တမူး) စည်ပင်သာယာရေးအဖွဲ့မှ မြို့တွင်းလမ်းများ ကောင်းမွန်စေရန် မြို့တွင်းလမ်းမကြီး ဘေးဝဲယာတွင် ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်းကို ရပ်ကွက်အတွင်းရှိ ပြည်သူများနှင့်အဖွဲ့ဝန်ထမ်းများ ပူးပေါင်းဆောင်ရွက်ရာသို့ မြို့တာဝန်ခံ ဦးတင့်လွင် ကြီးကြပ်ဆောင်ရွက်လျက်ရှိရာ တမူးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမျိုးသန့်ခိုင် ကြည့်ရှုစစ်ဆေးကြောင်း သိရသည်။

(မြို့နယ်စည်ပင်)

အထက(၁)အင်းစိန် ကျောင်းသားဟောင်းများ အာစရိယပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် နိုဝင်ဘာ ၁၅

ယခင်အစိုးရ တန်းမြင့်ကျောင်းမှ ကျောင်းသား ကျောင်းသူဟောင်းများ အပါအဝင် အထက(၁)အင်းစိန်၏ ကျောင်းသား ကျောင်းသူဟောင်းများစုပေါင်း၍ အာစရိယပူဇော်ပွဲကို ယခုနှစ် ဒီဇင်ဘာ ၂၁ရက်တွင် အထက(၁) အင်းစိန် ကျောင်းခန်းမ၌ ကျင်းပရန် စီစဉ်ထားသည်။

လှူဒါန်းနိုင်

အကြိုညှိနှိုင်းအစည်းအဝေးများကိုလည်း အပတ်စဉ်(တနင်္ဂနွေနေ့တိုင်း) မွန်းလွဲ ၁နာရီတွင် အဆိုပါကျောင်း၌ ကျင်းပမည်ဖြစ်ရာ ကျောင်းသားကျောင်းသူဟောင်းများ မပျက်မကွက်တက်ရောက်ပါရန်နှင့် အာစရိယပူဇော်ပွဲဖြစ်မြောက်ရေးအတွက် လှူဒါန်းလိုပါက ဦးဘငွေ ဖုန်း-၆၄၀၀၉၄၊ ဦးစောပြည်သိမ်း ဖုန်း-၆၄၃၇၆၃၊ ကိုစိုးနိုင်မြင့် (သီရိစန္ဒာ) ဖုန်း-၀၉-၅၁-၃၂၅၀၅၊ကိုမျိုးသန့်ဖုန်း-၅၅၆၂၀၄၊ဒေါ်ခင်စန်းမူ(အထက-၁ အင်းစိန်) ဖုန်း-၆၄၄၄၀၅၊ ဒေါ်ခင်ရတနာသိန်း(အထက-၁ အင်းစိန်) ဖုန်း-၆၄၂၅၃၈၊ ဒေါ်ငြိမ်းအေး (မြို့တော်စည်ပင်) ဖုန်း-၀၉-၅၁-၈၄၂၂၁နှင့် ဦးတင့်လွင် (ကွန်ပျူတာ တက္ကသိုလ်) ဖုန်း-၀၉-၅၀-၀၃၄၁၄ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။ **(ပညာရေး)**

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၆-၁၁-၂၀၀၈ (တနင်္ဂနွေနေ့)

AM & PM

- ၇း၀၀-၁း၀၀ MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
- ၇း၀၅-၁း၀၅ ပရဟိတစိတ်ဓာတ် တရားတော် (ပထမပိုင်း) (ဆရာတော် အရှင်ဆန္ဒာဓိက)
- ၇း၄၅-၁း၄၅ Sunday Talk [ကိုကိုလှိုင်၊ မျိုးအောင် (ရက္ခဖေဒ) မျက်မှောက်ရေးရာမဂ္ဂဇင်း အယ်ဒီတာချုပ်၊ ကိုကို(စက်မှုတက္ကသိုလ်)]
- ၉း၀၀-၃း၀၀ Soccer Update
- ၉း၁၅-၃း၁၅ ပြည်တွင်းသတင်းအကျဉ်း
- ၉း၂၅-၃း၂၅ ကိုယ်ဝန်ဆောင်မိခင်နှင့် မွေးကင်းစကလေး ကျန်းမာရေး (ပညာပေးဆွေးနွေးခန်း) (ဒေါက်တာခင်မောင်လွင်၊ ဒေါက်တာသီဂီမြင့်)
- ၉း၅၀-၃း၅၀ တေးဂီတအစီအစဉ်
- ၉း၅၅-၃း၅၅ Euro Goals
- ၁၀း၁၅-၄း၁၅ အနုပညာရပ်ဝန်းမှ ရင်ခုန်သံများ **မြင်းမိုရ်ထက်ကာသရဖူ**
- ၁၀း၄၅-၄း၄၅ နိုင်ငံတကာသတင်းအကျဉ်း
- ၁၀း၅၀-၄း၅၀ အလှမှာအယဉ်ဆင့် အမြင်ဆန်းသည့်အထည်
- ၁၁း၁၀-၅း၁၀ တေးဂီတအစီအစဉ်
- ၁၁း၁၅-၅း၁၅ မိုးလေဝသခန့်မှန်းချက်
- ၁၁း၂၀-၅း၂၀ သီးနှံစိုက်ပျိုးအထွက်တိုး **မတ်ပဲအထွက်တိုးစေရာ စိုက်ပျိုးနည်းပညာ**
- ၁၁း၂၅-၅း၂၅ ထူးထူးခြားခြား ရာသီဥတုဖြစ်စဉ်များ
- ၁၁း၃၅-၅း၃၅ ပြည်တွင်းသတင်းအကျဉ်း
- ၁၁း၄၅-၅း၄၅ သဘာဝကပေးသော လက်ဆောင်များ
- ၁၁း၅၅-၅း၅၅ နိုင်ငံတကာသတင်းအကျဉ်း
- ၁၂း၀၀-၆း၀၀ ခြေခြေမြစ်မြစ်နှစ်နှစ်ကာကာ ချစ်တဲ့ကာလပေါ်တေးအရသာ (စန္ဒရားတင်ဝင်းလှိုင်၊ အေဝမ်းတင်တင်လှ)
- ၁၂း၂၀-၆း၂၀ International VideoTopics [ပျောက်ဆုံးနေသော ရှေးဟောင်းမြို့တော် (အပိုင်း-၁)]
- ၁၂း၄၀-၆း၄၀ ပုဂံအိမ်ထဲကထည်ဝါမှုပြယုဂ်
- ၁၂း၅၅-၆း၅၅ တေးဂီတအစီအစဉ်
- ၁း၀၀-၇း၀၀ MRTV-4 အပိတ် Logo၊

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီ အင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူ ကြည့်ရှုနိုင်ပါသည်။

Barclays Premier League

ဘောလုံးပွဲစဉ်များ

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၇း၅၅	Everton-Middlesbrough	ESPN (Live)
၁၀း၂၅	Hull City-Man City	ESPN (Live)

အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာနက ဆက်လက်တည်ဆောက် အကောင်အထည်ဖော် ဆောင်ရွက်မည့် ရေအားလျှပ်စစ်စီမံကိန်းကြီး ၁၅ ခု

ကချင်ပြည်နယ်

လျှပ်စစ်ဓာတ်အား မဂ္ဂါဝပ်၁၂၀၀ ထုတ်လုပ်ပေးနိုင်မည့် ယီနန် ရေအားလျှပ်စစ်စီမံကိန်း။
မဂ္ဂါဝပ် ၂၇၀၀ ထုတ်လုပ်ပေးနိုင်မည့် ခေါင်လံဖူး ရေအားလျှပ်စစ်စီမံကိန်း။
မဂ္ဂါဝပ် ၂၀၀၀ ထုတ်လုပ်ပေးနိုင်မည့် ဖီဇော ရေအားလျှပ်စစ်စီမံကိန်း။
မဂ္ဂါဝပ် ၁၈၀၀ ထုတ်လုပ်ပေးနိုင်မည့် ဝူဆောက် ရေအားလျှပ်စစ်စီမံကိန်း။
မဂ္ဂါဝပ် ၂၈၀၀ ထုတ်လုပ်ပေးနိုင်မည့် ချီဖွေ ရေအားလျှပ်စစ်စီမံကိန်း။
၉၉ မဂ္ဂါဝပ် ထုတ်လုပ်ပေးနိုင်မည့် ချီဖွေငယ် ရေအားလျှပ်စစ်စီမံကိန်း။
မဂ္ဂါဝပ် ၁၉၀၀ ထုတ်လုပ်ပေးနိုင်မည့် လိုက်ဇာ ရေအားလျှပ်စစ်စီမံကိန်း။

ရခိုင်ပြည်နယ်

လျှပ်စစ်ဓာတ်အား မဂ္ဂါဝပ် ၅၀၀ ထုတ်လုပ်ပေးနိုင်မည့် လေးမြို့ ရေအားလျှပ်စစ်စီမံကိန်း။

စစ်ကိုင်းတိုင်း

လျှပ်စစ်ဓာတ်အား မဂ္ဂါဝပ် ၃၈၀ ထုတ်လုပ်ပေးနိုင်မည့် မဏိပူရ ရေအားလျှပ်စစ်စီမံကိန်း။

မန္တလေးတိုင်း

လျှပ်စစ်ဓာတ်အား မဂ္ဂါဝပ် ၆၀ ထုတ်လုပ်ပေးနိုင်မည့် အထက်ဆည်တော်ကြီး ရေအားလျှပ်စစ်စီမံကိန်း။

မကွေးတိုင်း

လျှပ်စစ်ဓာတ်အား မဂ္ဂါဝပ် ၁၅၀ ထုတ်လုပ်ပေးနိုင်မည့် အထက်ဗူးရှာ ရေအားလျှပ်စစ်စီမံကိန်း။

ရှမ်းပြည်နယ်(မြောက်ပိုင်း)

လျှပ်စစ်ဓာတ်အား မဂ္ဂါဝပ် ၁၄၀ ထုတ်လုပ်ပေးနိုင်မည့် အထက်ရဲရွာ ရေအားလျှပ်စစ်စီမံကိန်း။

ပဲခူးတိုင်း

လျှပ်စစ်ဓာတ်အား မဂ္ဂါဝပ် ၄၀ ထုတ်လုပ်ပေးနိုင်မည့် ဖြူးချောင်း ရေအားလျှပ်စစ်စီမံကိန်း။
မဂ္ဂါဝပ် ၃၀ ထုတ်လုပ်ပေးနိုင်မည့် ခပေါင်းရေအားလျှပ်စစ်စီမံကိန်း။
၄၈ မဂ္ဂါဝပ် ထုတ်လုပ်ပေးနိုင်မည့် ဘီလူးချောင်း(၃) ရေအားလျှပ်စစ်စီမံကိန်း။

● ရှေ့ဖုံးမှ

ရှင်းလင်းတင်ပြ

ညှိနှိုင်းအစည်းအဝေး၌ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ အမှတ်(၁)စက်မှုဝန်ကြီးဌာန၊ အမှတ်(၂)စက်မှုဝန်ကြီးဌာနနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာနတို့မှ ဝန်ကြီးများက မိမိတို့ဝန်ကြီးဌာနအလိုက် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် စီမံကိန်းလုပ်ငန်းများကို ရှင်းလင်းတင်ပြကြပြီးနောက် အစီအစဉ်အရ အမှတ်(၁)လျှပ်စစ်စွမ်းအား ဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်းက အထူးစီမံကိန်းများ အကောင်အထည်ဖော်ရေးအဖွဲ့၏ ခွင့်ပြုချက်ရရှိပြီးသော ရေအားလျှပ်စစ် စီမံကိန်းများအနက် အကောင်အထည်ဖော်ပြီးစီးသည့် စီမံကိန်းခြောက်ခုနှင့် အကောင်အထည်ဖော် ဆောင်ရွက်ဆဲစီမံကိန်း ၂၂ခုတို့ကို အကျဉ်းချုပ် ရှင်းလင်းတင်ပြပြီး အထူးစီမံကိန်းများ အကောင်အထည်ဖော်ရေးအဖွဲ့၏ ခွင့်ပြုချက်ရရှိရန် လိုအပ်သော စီမံကိန်း ၁၅ ခုနှင့် စပ်လျဉ်း၍ အသေးစိတ် ရှင်းလင်းတင်ပြသည်။

ရေအားလျှပ်စစ် စီမံကိန်းကြီး ၁၅ ခု

အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာနက ဆက်လက်တည်ဆောက် အကောင်အထည်ဖော် ဆောင်ရွက်မည့် ရေအားလျှပ်စစ်စီမံကိန်းကြီး ၁၅ခုမှာ ကချင်ပြည်နယ်၌ လျှပ်စစ်ဓာတ်အား မဂ္ဂါဝပ် ၁၂၀၀ ထုတ်လုပ်ပေးနိုင်မည့် ယီနန် ရေအားလျှပ်စစ်စီမံကိန်း၊ မဂ္ဂါဝပ်၂၇၀၀ထုတ်လုပ်ပေးနိုင်မည့် ခေါင်လံဖူး ရေအားလျှပ်စစ်စီမံကိန်း၊ မဂ္ဂါဝပ် ၂၀၀၀ ထုတ်လုပ်ပေးနိုင်မည့် ဖီဇောရေအားလျှပ်စစ်စီမံကိန်း၊ မဂ္ဂါဝပ် ၁၈၀၀ ထုတ်လုပ်ပေးနိုင်မည့် ဝူဆောက် ရေအားလျှပ်စစ်စီမံကိန်း၊ မဂ္ဂါဝပ် ၂၈၀၀ ထုတ်လုပ်ပေးနိုင်မည့် ချီဖွေရေအားလျှပ်စစ်စီမံကိန်း၊ ၉၉မဂ္ဂါဝပ် ထုတ်လုပ်ပေးနိုင်မည့် ချီဖွေငယ် ရေအားလျှပ်စစ်စီမံကိန်းနှင့် မဂ္ဂါဝပ် ၁၉၀၀ ထုတ်လုပ်ပေးနိုင်မည့် လိုက်ဇာ ရေအားလျှပ်စစ်စီမံကိန်း၊ ရခိုင်ပြည်နယ်၌ လျှပ်စစ်ဓာတ်အား မဂ္ဂါဝပ် ၅၀၀ ထုတ်လုပ်ပေးနိုင်မည့် လေးမြို့ ရေအားလျှပ်စစ်စီမံကိန်း၊ စစ်ကိုင်းတိုင်း၌ လျှပ်စစ်ဓာတ်အား မဂ္ဂါဝပ် ၃၈၀ ထုတ်လုပ်ပေးနိုင်မည့် မဏိပူရရေအားလျှပ်စစ်စီမံကိန်း၊ မန္တလေးတိုင်း၌ လျှပ်စစ်ဓာတ်အား မဂ္ဂါဝပ် ၆၀ ထုတ်လုပ်ပေးနိုင်မည့် အထက်ဆည်တော်ကြီး ရေအားလျှပ်စစ်စီမံကိန်း၊ မကွေးတိုင်း၌ လျှပ်စစ်ဓာတ်အား မဂ္ဂါဝပ် ၁၅၀ ထုတ်လုပ်ပေးနိုင်မည့် အထက်ဗူးရှာ ရေအားလျှပ်စစ်စီမံကိန်း၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၌ လျှပ်စစ်ဓာတ်အား မဂ္ဂါဝပ်၁၄၀ ထုတ်လုပ်ပေးနိုင်မည့် အထက်ရဲရွာ ရေအားလျှပ်စစ်စီမံကိန်း၊ ပဲခူးတိုင်း၌ လျှပ်စစ်ဓာတ်အား မဂ္ဂါဝပ်၄၀ ထုတ်လုပ်ပေးနိုင်မည့် ဖြူးချောင်း ရေအားလျှပ်စစ်စီမံကိန်း၊ မဂ္ဂါဝပ် ၃၀ ထုတ်လုပ်ပေးနိုင်မည့် ခပေါင်းရေအားလျှပ်စစ်စီမံကိန်းနှင့် ၄၈ မဂ္ဂါဝပ် ထုတ်လုပ်ပေးနိုင်မည့် ဘီလူးချောင်း(၃) ရေအားလျှပ်စစ်စီမံကိန်း တို့ဖြစ်သည်။

တည်ဆောက်နေဆဲ

အဆိုပါ စီမံကိန်းများအနက် တပ်ဆင်စက်အင်အား မဂ္ဂါဝပ် ၃၀ရှိသည့် ခပေါင်း ရေအားလျှပ်စစ်စီမံကိန်းမှာ ဆောင်ရွက်ပြီးစီးပြီဖြစ်ပြီး မဂ္ဂါဝပ်၄၀ ရှိသော ဖြူးချောင်းစီမံကိန်းမှာ တည်ဆောက်နေဆဲ စီမံကိန်းဖြစ်သည်။

ခပေါင်းရေအားလျှပ်စစ်စီမံကိန်း

ခပေါင်း ရေအားလျှပ်စစ်စီမံကိန်းအပြင် တည်ဆောက်ပြီးသော ရေအားလျှပ်စစ်စီမံကိန်း ခြောက်ခုမှာ ၁၂မဂ္ဂါဝပ် ထုတ်လုပ်နိုင်အားရှိသော ဇော်ဂျီ(၂) ရေအားလျှပ်စစ်စက်ရုံ၊ မဂ္ဂါဝပ် ၂၀ရှိသော ဇောင်းတူ ရေအားလျှပ်စစ်စက်ရုံ၊ မဂ္ဂါဝပ် ၃၀ရှိသော သဖန်းဆိပ် ရေအားလျှပ်စစ်စက်ရုံ၊ ၇၅မဂ္ဂါဝပ်ရှိသော မုန်းချောင်း ရေအားလျှပ်စစ်စက်ရုံ၊ မဂ္ဂါဝပ် ၂၈၀ရှိသော ပေါင်းလောင်း ရေအားလျှပ်စစ်စက်ရုံနှင့် ၂၅မဂ္ဂါဝပ်ရှိသော ရဲနွယ်ရေအားလျှပ်စစ် စက်ရုံတို့ဖြစ်သည်။

မဟာဓာတ်အားလိုင်း

ထို့နောက် အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်က မဟာဓာတ်အားလိုင်းနှင့် ပင်မဓာတ်အားခွဲရုံ စီမံကိန်းလုပ်ငန်းများအနက် တည်ဆောက်အကောင်အထည်ဖော်ပြီးစီးသော စီမံကိန်းများ၊ တည်ဆောက်ဆဲ စီမံကိန်းများနှင့် ဆက်လက်ဆောင်ရွက်သွားမည့် စီမံကိန်းများကို ရှင်းလင်းတင်ပြသည်။

သယ်ပို့ဖြန့်ဖြူး

အမှတ်(၂)လျှပ်စစ်စွမ်းအား ဝန်ကြီးဌာနသည် မဟာဓာတ်အားလိုင်းများ၊ ပင်မဓာတ်အားခွဲရုံများဖြင့် ဖွဲ့စည်းတည်ဆောက်ထားသော ဓာတ်အားကွန်ရက်ဖြင့် ရေအားလျှပ်စစ်၊ သဘာဝဓာတ်ငွေ့သုံးလျှပ်စစ်၊ ရေနွေးငွေ့သုံးလျှပ်စစ်နှင့် ဒီဇယ်ဆီသုံးလျှပ်စစ် စသည့်ထုတ်လုပ်ရရှိသော လျှပ်စစ်ဓာတ်အားတို့ကို လက်ခံရယူကာ နိုင်ငံတော်၏ ကုန်ထုတ်လုပ်မှု၊ ဝန်ဆောင်မှုနှင့် ပြည်သူများ အသုံးပြုနိုင်ရန် နိုင်ငံတစ်ဝန်း သယ်ပို့ဖြန့်ဖြူးပေးလျက်ရှိသည်။

တည်ဆောက်

ရေအားလျှပ်စစ်စီမံကိန်းများမှ ထွက်ရှိလာမည့် ဓာတ်အားကို ဓာတ်အားစနစ်သို့ ပို့လွှတ်ဖြန့်ဖြူးနိုင်ရေးအတွက် မဟာဓာတ်အားလိုင်းများအဖြစ် ၁၃၂ကေဗွီ တံခွန်တိုင်-ပြင်ဦးလွင် မဟာဓာတ်အားလိုင်းမှ ရတနာပုံမြို့သစ် ပင်မဓာတ်အားခွဲရုံအဝင်လိုင်း စီမံကိန်း၊ ၁၃၂ကေဗွီ တံခွန်တိုင်-ပြင်ဦးလွင် မဟာဓာတ်အားလိုင်းမှ ရွှေစာရံပင်မဓာတ်အားခွဲရုံ အဝင်အထွက်လိုင်းစီမံကိန်း၊ ၁၃၂ကေဗွီ မုန်း-ချောက် မဟာဓာတ်အားလိုင်းမှ တညောင် ပင်မဓာတ်အားခွဲရုံ အဝင်အထွက် မဟာဓာတ်အားလိုင်းစီမံကိန်း၊ ကေဗွီ၂၃၀ ပျဉ်းမနား-တောင်ငူ မဟာဓာတ်အားလိုင်းမှ သဲဖြူပင်မဓာတ်အားခွဲရုံ အဝင်အထွက်လိုင်းစီမံကိန်း၊ လှိုင်သာယာ-အသုတ် ကေဗွီ၂၃၀ မဟာဓာတ်အားလိုင်း ဧရာဝတီမြစ်ကျော်(ကဇင်းတော) တာဝါတိုင်ပြောင်းရွှေ့ တည်ဆောက်ခြင်းစီမံကိန်းနှင့် ကေဗွီ၂၃၀ ပျဉ်းမနား-တောင်တွင်းကြီး မဟာဓာတ်အားလိုင်းမှ နေပြည်တော်ပင်မဓာတ်အားခွဲရုံ အဝင်အထွက်လိုင်း စီမံကိန်းတို့ကိုလည်းကောင်း၊ ပင်မဓာတ်အားခွဲရုံများအဖြစ် ၁၃၂/၃၃/၁၁ ကေဗွီ၊ ၁၈အမ်ဗွီအေ ရတနာပုံမြို့သစ် ပင်မဓာတ်အားခွဲရုံစီမံကိန်း၊ ၁၃၂/၆၆/၁၁ကေဗွီ၊ ၆၀ အမ်ဗွီအေ တညောင် ပင်မဓာတ်အားခွဲရုံစီမံကိန်းနှင့် ၂၃၀/၃၃/၁၁ကေဗွီ၊ ၁၀၀အမ်ဗွီအေ နေပြည်တော် ပင်မဓာတ်အားခွဲရုံစီမံကိန်း တို့ကိုလည်းကောင်း အကောင်အထည်ဖော် တည်ဆောက်ပြီးဖြစ်သည်။

စာမျက်နှာ ၈ ကော်လံ ၁

မန်စံ-ရွှေစာရံ ဓာတ်အားလိုင်း၏ နောင်ချိုမြို့ရှောင် ဓာတ်အားလိုင်း အပိုင်းအား ဤသို့တွေ့ရသည်။ (ဓာတ်ပုံမှတ်တမ်း-မြန်မာ့အလင်း)

ဘဂ္ဂဒက်မြို့တော်တစ်ဝန်းတွင် ဗုံးခွဲတိုက်ခိုက်မှုများဖြစ်ပွား ၂၁ ဦးသေဆုံးပြီး ၈၅ဦးဒဏ်ရာရရှိ

ဘဂ္ဂဒက် နိုဝင်ဘာ ၁၅

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့တစ်ဝန်းတွင် နိုဝင်ဘာ ၁၄ရက်က ဗုံးခွဲတိုက်ခိုက်မှုများဖြစ်ပွားရာ အနည်းဆုံး ၂၁ဦးသေဆုံးပြီး ၈၅ဦးဒဏ်ရာရသွားကြောင်း ရဲတပ်ဖွဲ့က ကြေညာသည်။ ဘဂ္ဂဒက်မြို့ အရှေ့ပိုင်းတွင် ကားဗုံးနှင့်လမ်းဘေးဗုံးများ တစ်ပြိုင်တည်း ပေါက်ကွဲသဖြင့် အနည်းဆုံး ၁၂ဦးသေဆုံးပြီး ၆၀ဒဏ်ရာရရှိကြောင်း၊ ထိခိုက်မှုအများဆုံးဖြစ်သည့် ဗုံးခွဲတိုက်ခိုက်မှုဖြစ်ကြောင်း သိရသည်။

ဒဏ်ရာရရှိ

ဘဂ္ဂဒက်မြို့လယ်ဒေသအတွင်း နံနက်လူစည်ကားချိန် ကားဗုံးခွဲတိုက်ခိုက်မှုကြောင့် လေးဦးသေဆုံးပြီး ၁၄ ဦးဒဏ်ရာရရှိသွားသည်။ ဘဂ္ဂဒက်မြို့တော် မြောက်ပိုင်းဗုံးခွဲမှု၌လည်း ငါးဦးသေဆုံးပြီး ၁၂ ဦးဒဏ်ရာရရှိခဲ့သည်။

(အင်တာနက်)

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့၌ ဗုံးခွဲတိုက်ခိုက်မှုများ ဖြစ်ပွားပြီးနောက် အပျက်အစီးများကို တွေ့ရစဉ်။ (အင်တာနက်)

အီရတ်နှင့် ကန်တပ်ဖွဲ့ဝင်များ အပြန်အလှန်ပစ်ခတ်

မိုဆူးလ် နိုဝင်ဘာ ၁၅

အီရတ်နိုင်ငံ မိုဆူးလ်မြို့၌ နိုဝင်ဘာ ၁၂ရက်က အမေရိကန်တပ်ဖွဲ့ဝင်နှစ်ဦးနှင့် အီရတ်တပ်ဖွဲ့ဝင်တစ်ဦးတို့ စကားများရန်ဖြစ်ကြစဉ် အီရတ်တပ်ဖွဲ့ဝင်တစ်ဦး၏ ပစ်ခတ်မှုကြောင့် အမေရိကန်တပ်ဖွဲ့ဝင်နှစ်ဦး သေဆုံးခဲ့ကြောင်း အီရတ်ပြည်ထဲရေးဝန်ကြီးဌာန၏ သတင်းရပ်ကွက်တစ်ခုက ပြောကြားသည်။

ပြောကြား

မိုဆူးလ်မြို့တောင်ပိုင်း၌ ယင်းနေ့ညနေပိုင်းက အမေရိကန်တပ်ဖွဲ့ဝင်များနှင့် အီရတ်တပ်ဖွဲ့ဝင်များ ပူးပေါင်းကင်းလှည့်စဉ်အတွင်း ဖြစ်ပွားခဲ့သော အဆိုပါဖြစ်ရပ်တွင် အမေရိကန်တပ်ဖွဲ့ဝင် ခြောက်ဦးလည်း ဒဏ်ရာရရှိသွားခဲ့ကြောင်း အမည်မဖော်လိုသော သတင်းရပ်ကွက်က ပြောကြားသည်။

(အင်တာနက်)

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့၌ ဗုံးပေါက်ကွဲမှုဖြစ်ပွားပြီးနောက် ထိခိုက်ဒဏ်ရာရရှိသွားသည့် ကလေးငယ်၏ မိသားစုဝင်များ ပူဆွေးသောကရောက်နေကြစဉ်။ (အင်တာနက်ဓာတ်ပုံ)

အာဖဂန်နစ္စတန်နိုင်ငံ ပစ်ခတ်တိုက်ခိုက်မှု၌ ဗြိတိသျှတပ်ဖွဲ့ဝင် နှစ်ဦးသေဆုံး

လန်ဒန် နိုဝင်ဘာ ၁၅

အာဖဂန်နစ္စတန်နိုင်ငံ ဟယ်လ်မန့်ပြည်နယ် ဂရမ်ဆာခရိုင်၌ နိုဝင်ဘာ ၁၄ရက်က ဗုံးပေါက်ကွဲမှုဖြစ်ပွားရာ ဗြိတိသျှတပ်ဖွဲ့ဝင်နှစ်ဦး သေဆုံးသွားခဲ့ကြောင်း အာဖဂန်နစ္စတန်အရာရှိများက ပြောကြားသည်။

ပူးပေါင်းကင်းလှည့်

အာဖဂန်နစ္စတန်နိုင်ငံနယ်စပ်ရှိ ဂရမ်ဆာခရိုင်သည် ဗြိတိသျှတပ်ဖွဲ့ဝင်များနှင့် အာဖဂန်နစ္စတန် လုံခြုံရေးတပ်ဖွဲ့ဝင်များ ပူးပေါင်းကင်းလှည့်မှုပြုလုပ်ရာဒေသဖြစ်သည်။

မတည်မငြိမ်

အာဖဂန်နစ္စတန်နှင့် ပါကစ္စတန်နယ်စပ်တစ်လျှောက်၌ ဗုံးခွဲတိုက်ခိုက်မှုများ မကြာခဏ ဖြစ်ပွားလျက်ရှိသဖြင့် ဒေသတွင်း၌လည်း မတည်မငြိမ်ဖြစ်ပွားလျက်ရှိကြောင်း၊ အာဖဂန်နစ္စတန်တွင်သေဆုံးမှုများ နေ့စဉ်ဖြစ်ပွားလျက်ရှိကြောင်း သိရသည်။

(အင်တာနက်)

ပါကစ္စတန်နိုင်ငံနှင့် အာဖဂန်နစ္စတန်နိုင်ငံ နယ်စပ်မြို့ဖြစ်သော စီရန်ရှာဟာမြို့၌ ဒုံးကျည်ဖြင့် ပစ်ခတ်တိုက်ခိုက်မှုများကြောင့် ပျက်စီးသွားသော အပျက်အစီးများကို နိုဝင်ဘာ ၁၄ရက်က တွေ့ရစဉ်။

(ပါကစ္စတန်နိုင်ငံ အတွင်းသို့ အမေရိကန်နှင့်အပေါင်းပါတပ်များက နိုင်ငံတကာဥပဒေကို ချိုးဖောက်ကာ လေကြောင်းမှ ကျူးကျော်တိုက်ခိုက်မှုများ ပြုလုပ်ခဲ့ကြသည့်အတွက် ပါကစ္စတန်ပြည်သူများစွာ သေဆုံး၊ ထိခိုက်ဒဏ်ရာရရှိမှုများ ဖြစ်ပေါ်ခဲ့ကြောင်း သိရသည်။)

(အင်တာနက်ဓာတ်ပုံ)

ပါကစ္စတန်အနောက်မြောက်ပိုင်း၌ အမေရိကန်တို့ ဒုံးကျည်ဖြင့်ပစ်ခတ် ၁၂ဦးသေဆုံး၊ ခုနစ်ဦးဒဏ်ရာရရှိ

အစ္စလမ္မာဘတ် နိုဝင်ဘာ ၁၅

ပါကစ္စတန်နိုင်ငံအနောက်မြောက်ပိုင်း၌ နိုဝင်ဘာ ၁၄ရက်တွင် အမေရိကန်တပ်ဖွဲ့ဝင်များက ဒုံးကျည်ဖြင့် ပစ်ခတ်မှုကြောင့် ၁၂ဦး သေဆုံးခဲ့ကြောင်း ပါကစ္စတန်အရာရှိများက ပြောကြားသည်။

အကြမ်းဖက်တိုက်ခိုက်

ပါကစ္စတန်နိုင်ငံ ဝါဇီရစ္စတန်ခရိုင်အတွင်း ကျေးရွာတစ်ရွာကို အမေရိကန်တို့က အကြမ်းဖက်တိုက်ခိုက်ရေးသမားများ ရှိသည်ဟူသော အကြောင်းပြချက်ဖြင့် ပစ်ခတ်တိုက်ခိုက်ခြင်းဖြစ်ကြောင်း သိရသည်။

အမေရိကန်တို့က လေကြောင်းမှ ဒုံးကျည်ဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့ခြင်းကြောင့် သေဆုံးခဲ့ရခြင်းဖြစ်ကြောင်း ပါကစ္စတန်အရာရှိများက ပြောကြားသည်။

ပစ်ခတ်တိုက်ခိုက်

ဒုံးကျည်ဖြင့် ပစ်ခတ်တိုက်ခိုက်မှုကြောင့် ကျေးရွာသား ၁၂ဦး သေဆုံးသည့်အပြင် ခုနစ်ဦးဒဏ်ရာရရှိခဲ့ကြောင်းသိရသည်။ ဒုံးကျည်ဖြင့် ပစ်ခတ်ခံရသည့် ကျေးရွာမှာ ဂါရီဝမ် ကျေးရွာဖြစ်ကြောင်း ၎င်းတို့က ပြောကြားသည်။

(အင်တာနက်)

အရပ်ဘက်လေယာဉ် အီရတ်၌ပျက်ကျ လိုက်ပါလာသူခုနစ်ဦး သေဆုံး

ဘဂ္ဂဒက် နိုဝင်ဘာ ၁၅

အီရတ်နိုင်ငံအလယ်ပိုင်း ဖလူးဂျာမြို့တောင်ဘက်၌ အရပ်ဘက်ကုန်တင်လေယာဉ်တစ်စင်းပျက်ကျသဖြင့် လေယာဉ်ပေါ်လိုက်ပါလာသူ ခုနစ်ဦး သေဆုံးကြောင်း အရာရှိများက ပြောကြားသည်။

ကြေညာ

လေယာဉ်ကွင်းမှတက်ပြီး မကြာမီမှာပင် စက်ချွတ်ယွင်း၍ လေယာဉ်ပျက်ကျခြင်းဖြစ်သည်ဟု အမေရိကန်စစ်ဘက်က ကြေညာသည်။

စင်းလုံးငှား

လေယာဉ်ပေါ်လိုက်ပါသူများမှာ မည်သည့် နိုင်ငံသားများဖြစ်သည်ကို မသိရသေးသော်လည်း အဆိုပါလေယာဉ်ကို ဂျာမနီ ကုမ္ပဏီတစ်ခုက စင်းလုံးငှားလာခြင်း ဖြစ် သည်ဟု သိရသည်။

(အင်တာနက်)

အနောက်ဂျာဗား၌ မြေပြိုမှုဖြစ်ပွား ၁၀ဦးသေဆုံး၊ ခုနစ်ဦးဒဏ်ရာရရှိ

ဂျကာတာ နိုဝင်ဘာ ၁၅

အင်ဒိုနီးရှားနိုင်ငံ အနောက်ဂျာဗားပြည်နယ်၌ နိုဝင်ဘာ ၁၄ ရက်က မြေပြိုမှုဖြစ်ပွားရာ ၁၀ဦးသေဆုံးပြီး ခုနစ်ဦး ပျောက်ဆုံးလျက်ရှိကြောင်း အမျိုးသားသဘာဝဘေးဆိုင်ရာ အရာရှိများက ပြောကြားသည်။

ဖြစ်ပွား

မြေပြိုမှုဖြစ်ပွားရခြင်းမှာ ပြီးခဲ့သည့် ရက်အနည်းငယ်က မိုးသည်းထန်စွာ ရွာသွန်းခဲ့ခြင်းကြောင့် ရေလွှမ်းမှုနှင့်မြေပြိုမှုများ ဖြစ်ပွားခဲ့ရခြင်းဖြစ်ကြောင်း ၎င်းတို့က ပြောကြားသည်။

ပျက်စီး

မြေပြိုမှုဖြစ်ပွားသည့်နေရာမှာ ကမ်ပါကာနှင့် စီဘီဘာခရိုင်အတွင်းဖြစ်ပြီး နေအိမ် ၅၄လုံးပျက်စီးခဲ့ကြောင်း၊ ဒေသခံများအား ဘေးကင်းရာသို့ ပြောင်းရွှေ့ပေးခဲ့ရကြောင်း သိရသည်။

(အင်တာနက်)

အမေရိကန်၌ မီးလောင်မှုဖြစ်ပွား နေအိမ် ၁၀၀ကျော် ပျက်စီးဆုံးရှုံး

ဆန်တာဘာဘရာ နိုဝင်ဘာ ၁၅

အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားပြည်နယ် မွန်တီစီတိုမြို့တွင် နိုဝင်ဘာ ၁၄ရက်က မီးလောင်မှုဖြစ်ပွားရာ နေအိမ် ၁၀၀ခန့် မီးလောင်ကျွမ်းခြင်းခံရပြီး လေးဦးဒဏ်ရာရရှိခဲ့ကြောင်း ကယ်လီဖိုးနီးယားပြည်နယ်မှ မီးသတ်အရာရှိများက ပြောကြားသည်။(ဓါတ်ပုံ)

ရွှေ့ပြောင်း

မီးလောင်မှုမှာ လေပြင်းများတိုက်ခတ်နေသဖြင့် ကူးစက်လောင်ကျွမ်းမှု ပိုမိုမြန်ဆန်ခဲ့ကြောင်း၊ မီးသတ်တပ်ဖွဲ့ဝင်များက မီးငြိမ်းသတ်နိုင်ခဲ့ကြောင်းသိရသည်။ မီးလောင်မှုကြောင့် ဒေသခံ ၄၅၀၀ခန့်အား ဘေးကင်းရာသို့ ရွှေ့ပြောင်းပေးခဲ့ရသည်။

(အင်တာနက်)

နိုင်ငံတကာသတင်း စုစည်းဘာသာပြန်သူများ

တိုး၊ မောင်မောင်မြင့်ဆွေ၊ မြင့်မောင်စိုး၊ ချစ်စိုးနိုင်၊ တင်မာဝင်းနှင့် အေးသန္တာသိန်း။

နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းအား ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန အကြံပေးပုဂ္ဂိုလ် **Dr. Iftekhar Ahmed Chowdhury** အိန္ဒိယသမ္မတနိုင်ငံ နယူးဒေလီမြို့ရှိ **Hyderabad House** ၌ ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (သတင်းစဉ်)

နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးဦးဉာဏ်ဝင်းအား ဘင်္ဂလားဒေ့ရှ်၊ နီပေါနှင့် သီရိလင်္ကာနိုင်ငံတို့မှ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးများတွေ့ဆုံ

နေပြည်တော် နိုဝင်ဘာ ၁၅

(၁၁)ကြိမ်မြောက် ဘင်းမ်စတက်ဝန်ကြီးများအဆင့် အစည်းအဝေးသို့ တက်ရောက်ရန် အိန္ဒိယသမ္မတနိုင်ငံ၌ ရောက်ရှိနေသော နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးဦးဉာဏ်ဝင်းအား နိုဝင်ဘာ၁၂ရက် နံနက်၁၀နာရီခွဲတွင် ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန အကြံပေးပုဂ္ဂိုလ် Dr. Iftekhar Ahmed Chowdhury သည်လည်းကောင်း၊ မွန်းလွဲ၁နာရီ၄၅မိနစ်တွင် နီပေါနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး Mr. Upendra Yadav သည်လည်းကောင်း၊ မွန်းလွဲ၂နာရီ၁၅မိနစ်တွင် သီရိလင်္ကာ ဒီမိုကရက်တစ် ဆိုရှယ်လစ်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး Mr. R.Bogollagama သည်လည်းကောင်း အိန္ဒိယသမ္မတနိုင်ငံ နယူးဒေလီမြို့ရှိ Hyderabad House သို့ လာရောက်တွေ့ဆုံကြသည်။

(သတင်းစဉ်)

ဒို့ကျေးရွာဂျာနယ် အတွဲ(၅)၊ အမှတ်(၂၂)ထုတ်ဝေ

ရန်ကုန် နိုဝင်ဘာ ၁၅

ကျေးလက်ပြည်သူတို့အား စိုက်ပျိုးရေး၊ မွေးမြူရေး၊ ကျန်းမာရေးနှင့် ဗဟုသုတ အဖြာဖြာကိုဖော်ပြပေးနေသော ဒို့ကျေးရွာဂျာနယ် အတွဲ(၅) ၊ အမှတ်(၂၂)ကို နိုဝင်ဘာ ၁၅ရက်တွင် ထုတ်ဝေလိုက်သည်။ **(ယာပုံ)**

အဆိုပါ ဂျာနယ်တွင် အလုပ်မနားတော့ အဟုတ်စပါးထွက်သဖို့၊ အာလူးနှစ်ကို စိန်ခေါ်နေတဲ့ ပိုးမွှားရောဂါ ၊ ဆေးဖက်ဝင်သစ်ခွ ပြည်ပပို့ရအောင်၊ ဂေါ်ရခါးသီးများကို စိုက်ပျိုးခြင်းဖြင့် အပိုဝင်ငွေရရှိနိုင်၊ ထွက်နှုန်းကောင်းသော ငွေချည်(၆)ဝါများအား တိုးချဲ့စိုက်ပျိုးလာကြ၊ ဓာတ်မြေဩဇာကို စနစ်တကျသုံးစွဲတတ်ရန်လိုအပ် စသည့် စိုက်ပျိုးရေးဆောင်းပါးများ၊ ဝက်နားရွက်ပြာရောဂါ ကာကွယ်ပါ၊ ကျွဲနွားတို့၏ သဘာဝနှင့် မွေးမြူရေးဖွံ့ဖြိုးမှု စသည့် မွေးမြူရေးဆောင်းပါးများ၊ စိန်နှင့်တန်ဖိုးစပ်ရမလား ပိစပ်၊ ကြိတ်မှန်ပင်၏ အစွမ်းသတ္တိ၊ ဆံပင်ကျွတ်ရခြင်း အကြောင်းများ၊ အစာမကြေဖြစ်ခြင်း စသည့် ကျန်းမာရေးဆောင်းပါးများ၊ ချဉ်မြစ်ပင်သရဲ အခန်းဆက်ဝတ္ထုတိုနှင့် မြန်မာနိုင်ငံ၏ ရေမြေသဘာဝအလှအပများကို ကမ္ဘာလှည့်ခရီးသွားများ စိတ်ဝင်စား၊ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ခြင်းဖြင့် နိုင်ငံဖွံ့ဖြိုးတိုးတက်လာမည်၊ ခေတ်၊ လူမှောင်ခိုမှုကာကွယ်ရေး ဆောင်းပါးများနှင့် ပုံပြင်၊ ဟာသ၊ ကာတွန်း၊ ကဗျာ၊ မြန်မာဗီဒီယို ဇာတ်လမ်းများ၊ သတင်းအတိုအထွာများကို သုတ၊ ရသစုံလင်စွာ ဖော်ပြထားသည်။

ဒို့ကျေးရွာဂျာနယ်ကို အမြို့မြို့အနယ်နယ်ရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးများနှင့် ရန်ကုန်မြို့ စာပေဗိမာန် စာအုပ်အရောင်းဆိုင်၊ ဝါမိုးအောင်စာအုပ်ဆိုင်တို့တွင် တစ်စောင်လျှင် ကျပ်၂၀၀နှုန်းဖြင့် ဝယ်ယူရရှိနိုင်သည်။

ဒို့ကျေးရွာဂျာနယ်အတွက် စာမူနှင့်ကြော်ငြာများကို အမှတ် ၂၂၈ သိမ်ဖြူလမ်း ဗိုလ်တထောင်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၃၇၁၃၄၀၊ ၃၇၁၃၄၂ တို့သို့ ဆက်သွယ်ပေးပို့နိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းအား နီပေါနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး Mr. Upendra Yadav အိန္ဒိယသမ္မတနိုင်ငံ နယူးဒေလီမြို့ရှိ Hyderabad House ၌ လာရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းအား သီရိလင်္ကာ ဒီမိုကရက်တစ် ဆိုရှယ်လစ်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး Mr. R. Bogollagama အိန္ဒိယသမ္မတနိုင်ငံ နယူးဒေလီမြို့ရှိ Hyderabad House ၌ ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (သတင်းစဉ်)

မြန်မာ-အိန္ဒိယကုန်သည်/စက်မှုအသင်းချုပ်များ တွေ့ဆုံဆွေးနွေး

နေပြည်တော် နိုဝင်ဘာ ၁၅

ပြည်ထောင်စုမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI) နှင့် အိန္ဒိယသမ္မတနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (FICCI) တို့ တွေ့ဆုံဆွေးနွေးပွဲကို နိုဝင်ဘာ ၁၂ရက်တွင် အိန္ဒိယသမ္မတနိုင်ငံ နယူးဒေလီမြို့ရှိ (FICCI) ရုံး၌ ကျင်းပရာ ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဥက္ကဋ္ဌဦးဝင်းမြင့်ခေါင်းဆောင်သော စီးပွားရေးလုပ်ငန်းရှင်များ၊ အိန္ဒိယသမ္မတနိုင်ငံ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူး Mr. Kantha Rao၊ FICCI ဥက္ကဋ္ဌ Mr. Daya K. Goyal ခေါင်းဆောင်သော စီးပွားရေးလုပ်ငန်းရှင်များ တက်ရောက်ကြသည်။

တွေ့ဆုံဆွေးနွေး

ပြည်ထောင်စုမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI) နှင့် အိန္ဒိယသမ္မတနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ် (FICCI) တို့ တွေ့ဆုံဆွေးနွေးပွဲကို အိန္ဒိယသမ္မတနိုင်ငံ နယူးဒေလီမြို့ရှိ (FICCI) ရုံး၌ ကျင်းပစဉ်။ (သတင်းစဉ်)

ရှင်းလင်းပြောကြား

ရှေးဦးစွာ FICCI ဥက္ကဋ္ဌက ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး အိန္ဒိယသမ္မတနိုင်ငံ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးက နှစ်နိုင်ငံကုန်သွယ်မှု သဘောတူညီချက်များနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်း ညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဌေးအောင်က ဘင်းမ်စတက်နိုင်ငံများ စီးပွားရေးပူးပေါင်း ဆောင်ရွက်ရေးနှင့် ခရီးသွားလာမှု မြှင့်တင်ရေးကိစ္စရပ်များကို ရှင်းလင်းပြောကြားပြီး ကုန်သွယ်ရေး ညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်လေးက နှစ်နိုင်ငံကုန်သွယ်မှုဆိုင်ရာ ကိစ္စရပ်များကို ရှင်းလင်းပြောကြားသည်။

ဆွေးနွေး

ဆက်လက်၍ ပြည်ထောင်စု မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌ ဦးဝင်းမြင့်က နှစ်နိုင်ငံလုပ်ငန်းရှင်များအသင်းချုပ်နှင့် လုပ်ငန်းရှင်များ စီးပွားရေး ပူးပေါင်းဆောင်ရွက်ရေး ကိစ္စများကို ရှင်းလင်းပြောကြားပြီး နှစ်နိုင်ငံလုပ်ငန်းရှင်များသည် စီးပွားရေးကဏ္ဍများကို ဆွေးနွေးကြသည်။

ယင်းနေ့ နံနက်ပိုင်းတွင် နယူးဒေလီမြို့ရှိ Hotel Le Meridien ၌ ကျင်းပသည့် BIMSTEC Business Summit သို့ ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ် အထွေထွေ အတွင်းရေးမှူး ဦးစိန်ဝင်းလှိုင်နှင့် အဖွဲ့ဝင်ခြောက်ဦးတို့ တက်ရောက်ခဲ့ကြသည်။

ရောင်းဝယ်ရေး

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ကုန်သွယ်ရေး ညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်လေး၊ ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌ ဦးဝင်းမြင့်နှင့် လုပ်ငန်းရှင်များသည် နိုဝင်ဘာ၁၃ရက်က အိန္ဒိယသမ္မတနိုင်ငံ နယူးဒေလီမြို့ရှိ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဌာန၌ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ Secretary, Mr. Yashwant Bhave နှင့် တာဝန်ရှိသူများ၊ The State Trading Cooperation of India Ltd (STC) မှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် တွေ့ဆုံ၍ နှစ်နိုင်ငံ ပဲရောင်းဝယ်ရေး ကိစ္စများကို ဆွေးနွေးကြသည်။

(သတင်းစဉ်)

အမှတ်(၁) စက်မှုဝန်ကြီးဌာန အထူးဈေးရောင်းပွဲတော်ကျင်းပ

ရန်ကုန် နိုဝင်ဘာ ၁၅

အမှတ်(၁)စက်မှုဝန်ကြီးဌာန အထူးဈေးရောင်းပွဲတော် ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၈ နာရီက ရန်ကုန်မြောက်ပိုင်းခရိုင် မင်္ဂလာဒုံမြို့နယ် အမှတ်(၄) အခြေခံပညာ အလယ်တန်းကျောင်း ကျောင်းဘေး ဘောလုံးအားကစားကွင်း၌ကျင်းပရာ ရန်ကုန်တိုင်း စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန တိုင်းဦးစီးဌာနမှူး ဦးကျော်ဝင်းနှင့် မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမျိုးနောင်တို့က ဖဲကြိုးဖြတ်၍ နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးချုပ်ထွန်းနေလင်းက စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

အထူးဈေးရောင်းပွဲတော်ကို နိုဝင်ဘာ ၁၅ရက်မှ ၂၁ရက်အထိ နေ့စဉ်နံနက် ၈နာရီမှ ည ၈ နာရီအထိ ဖွင့်လှစ်ရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် ဘင်းမ်စတက်အဖွဲ့ဝင်နိုင်ငံများမှ အစိုးရအဖွဲ့အကြီးအကဲများ အိန္ဒိယသမ္မတနိုင်ငံ သမ္မတအား တွေ့ဆုံနှုတ်ဆက်

နေပြည်တော် နိုဝင်ဘာ ၁၅

ဒုတိယအကြိမ် ဘင်းမ်စတက်ထိပ်သီးအစည်းအဝေးသို့ တက်ရောက်ရန် အိန္ဒိယသမ္မတနိုင်ငံသို့ ရောက်ရှိနေကြသည့် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် ဘင်းမ်စတက်အဖွဲ့ဝင်နိုင်ငံများမှ အစိုးရအဖွဲ့ အကြီးအကဲများသည် နိုဝင်ဘာ၁၃ရက် ညနေ၅နာရီတွင် နယူးဒေလီမြို့ရှိ သမ္မတအိမ်တော် Rashtrapati Bhawar သို့ သွားရောက်၍ အိန္ဒိယသမ္မတနိုင်ငံ သမ္မတ မစ္စစ်ပရာတီဘာပတေးလ်အား တွေ့ဆုံနှုတ်ဆက်ကြသည်။

တက်ရောက်

ထိုသို့တွေ့ဆုံနှုတ်ဆက်ရာတွင် ဘင်းမ်စတက်အဖွဲ့ဝင်နိုင်ငံများမှ အစိုးရအဖွဲ့အကြီးအကဲများဖြစ်ကြသည့် ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ အိမ်စောင့်အစိုးရအဖွဲ့ အကြံပေးအရာရှိချုပ် ဒေါက်တာဖှာခ်ရူဒင်အာမက်၊ ဘူတန်နိုင်ငံဝန်ကြီးချုပ် Lyonchhen Jigmi Y. Thinley၊ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်၊ နီပေါနိုင်ငံဝန်ကြီးချုပ် Pushpa Kamal Dahal Prachanda၊ သီရိလင်္ကာဒီမိုကရက်တစ် ဆိုရှယ်လစ်သမ္မတနိုင်ငံ သမ္မတ မဟင်ဒါရာဂျာပတ်ခ်ဆာ၊ ထိုင်းနိုင်ငံဝန်ကြီးချုပ် Mr.Somchai Wong Sawat တို့နှင့်အတူ အိန္ဒိယသမ္မတနိုင်ငံဝန်ကြီးချုပ် ဒေါက်တာမန်မိုဟန်ဆင်းလည်း တက်ရောက်သည်။ **(သတင်းစဉ်)**

ရင်းရင်းနှီးနှီးနှုတ်ဆက်

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် နယူးဒေလီမြို့ရှိ သမ္မတအိမ်တော်၌ အိန္ဒိယသမ္မတနိုင်ငံ သမ္မတ မစ္စစ်ပရာတီဘာပတေးလ်အား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ (သတင်းစဉ်)

သမ္မတအိမ်တော်၌တွေ့ဆုံနှုတ်ဆက်

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် ဘင်းမ်စတက်အဖွဲ့ဝင်နိုင်ငံများမှ အစိုးရအဖွဲ့ အကြီးအကဲများ နယူးဒေလီမြို့ရှိ သမ္မတအိမ်တော်၌ အိန္ဒိယသမ္မတနိုင်ငံ သမ္မတ မစ္စစ်ပရာတီဘာပတေးလ်အား တွေ့ဆုံနှုတ်ဆက်ကြစဉ်။

(သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ဝင်များအား အိန္ဒိယနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီးနှင့် ဇနီးတို့က ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံ

နေပြည်တော် နိုဝင်ဘာ ၁၅

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ဝင်များသည် နိုဝင်ဘာ ၁၃ရက် ည၇နာရီခွဲတွင် အိန္ဒိယသမ္မတနိုင်ငံ နယူးဒေလီမြို့ရှိ မြန်မာနိုင်ငံသံအမတ်ကြီး နေအိမ်သို့ရောက်ရှိကြရာ သံအမတ်ကြီးဦးကြည်သိန်းနှင့် ဇနီး၊ စစ်သံမှူးဗိုလ်မှူးကြီးနေဝင်းနှင့် ဇနီး၊ ကောင်စစ်ဝန်ချုပ်ဦးစိုးပိုင်၊ သံရုံး၊ စစ်သံရုံးဝန်ထမ်းများနှင့် မိသားစုများ၊ နယူးဒေလီမြို့ရှိ ကမ္ဘာ့ကျန်းမာရေးအဖွဲ့၌ တာဝန်ထမ်းဆောင်လျက်ရှိသော မြန်မာဆရာဝန်ကြီးများက ကြိုဆိုကြသည်။

ဂါရဝပြုကန်တော့

ရှေးဦးစွာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်အား သံအမတ်ကြီး၊ စစ်သံမှူးနှင့် ကောင်စစ်ဝန်ချုပ်တို့ ဦးဆောင်၍ သံရုံးဝန်ထမ်းများနှင့် မိသားစုများ၊ မြန်မာနိုင်ငံမှလာရောက်တာဝန်ထမ်းဆောင်နေကြသည့် ဝန်ထမ်းများက ဂါရဝပြုကန်တော့ကြသည်။

လက်ဆောင်ပစ္စည်းပေးအပ်

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်က သံရုံး၊ စစ်သံရုံးဝန်ထမ်းများနှင့် မိသားစုများအား လက်ဆောင်ပစ္စည်းများကိုပေးအပ်သည်။

အလေးထားလိုက်နာ

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်က ယခုကျင်းပပြီးစီးခဲ့သည့် ဒုတိယအကြိမ် ဘင်းမ်စတက် ထိပ်သီးအစည်းအဝေးကဲ့သို့ ဒေသတွင်းအဖွဲ့အစည်းများနှင့် ရင်းနှီးစွာ ဆက်ဆံမှုများမှ မြန်မာနိုင်ငံအနေဖြင့် ဒေသတွင်းချစ်ကြည်ရင်းနှီးမှု ပိုမိုတိုးတက် အောင်မြင်နေပုံ၊ ပြည်တွင်း၊ ပြည်ပ အဖျက်သမားမီဒီယာများမှ မည်သို့ပင်ဆိုစေကာမူ နိုင်ငံတော်အတွင်း အေးချမ်းတည်ငြိမ်စွာ တိုးတက်ဖြစ်ထွန်းနေမှုများနှင့် စီးပွားရေးစီမံကိန်းများ ချမှတ်အကောင်အထည်ဖော်နေမှုများကြောင့် လူမှုဘဝ အဆင့်အတန်းမြင့်မားတိုးတက်လာပုံ၊ ပြည်ပနိုင်ငံအချို့၏ စီးပွားရေး ပိတ်ဆို့ထားမှုများရှိသော်လည်း ကိုယ့်အားကိုယ်ကိုး စိတ်ဓာတ်ဖြင့် တည်ဆောက်ထားနိုင်၍ ယခုကဲ့သို့ နိုင်ငံတကာငွေကြေးအကျပ်အတည်းမျိုးတွင် ရိုက်ခတ်မှုအနည်းငယ်သာ သက်ရောက်ခဲ့ခြင်းနှင့် မြန်မာနိုင်ငံတွင် စားနပ်ရိက္ခာဖူလုံပြည့်စုံသည့်အပြင် ပိုလျှံနေခြင်းကြောင့် နာဂစ်ဆိုင်ကလုန်းမုန်တိုင်းကျရောက်ပြီး နောက်ပိုင်းကာလများ၏ သဘာဝဘေးအန္တရာယ်သင့်ပြည်သူများအား လုံလောက်စွာ ကျွေးမွေးထားနိုင်ခဲ့ခြင်းများကို လည်းကောင်း၊ ယခုခရီးစဉ်မှ စီးပွားရေး လုပ်ငန်းဆိုင်ရာ တိုးတက်ဖြစ်ထွန်း အောင်မြင်မှုများကိုလည်းကောင်း၊ လူမှုရေးဆိုင်ရာ၊ ယဉ်ကျေးမှုဆိုင်ရာ၊ အမျိုးသားရေးစရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေးအတွက် နိုင်ငံတော်အနေဖြင့် ဆောင်ရွက်နေသည်များကိုလည်းကောင်း၊ ပြည်သူများ လိုလားတောင့်တလျက်ရှိသည့် ပြည်သူ့ဆန္ဒနှင့်အညီ ၂၀၁၀ ပြည့်နှစ်တွင် ရွေးကောက်ပွဲ ကျင်းပနိုင်ရေးအတွက် လိုအပ်သော ပြင်ဆင်မှုများ ဆောင်ရွက်နေမှုများကိုလည်းကောင်း၊ မိမိနိုင်ငံ၏ ပြည်တွင်းဖြစ်ပေါ်တိုးတက်မှုများကို မျက်ခြည်မပြတ်သိရှိရန် လိုအပ်သကဲ့သို့ ပြည်ပနိုင်ငံများ၏ ပြောင်းလဲဖြစ်ပေါ်မှုများကို သိရှိထားရန်နှင့် မိမိတို့နိုင်ငံသည် နိုင်ငံကြီးများနှင့် အဆင်ပြေချောမွေ့စွာ တိုးမြှင့်ဆက်ဆံသည်နှင့်အညီ မိမိနိုင်ငံ၏ အချုပ်အခြာအာဏာပိုင်ဆိုင်မှုကို ဂုဏ်ကျက်သရေရှိရှိ ပြသနေထိုင်ဆက်ဆံရေးများကိုလည်းကောင်း၊ သက်ဆိုင်ရာနိုင်ငံများ၏ တရားဥပဒေနှင့်ဓလေ့ထုံးတမ်းစဉ်လာများကို အလေးထား လိုက်နာဆောင်ရွက်ပြီး မြန်မာနိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့အကြား ပိုမိုချစ်ကြည်ရင်းနှီးစွာ ဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုကို အရှိန်မြှင့်တင်နိုင်ရေး၊ နှစ်နိုင်ငံနယ်စပ်ကုန်သွယ်မှုများနှင့် ရင်းနှီးမြှုပ်နှံမှုများ တိုးချဲ့ဆောင်ရွက်နိုင်ရေးတို့အား ဆောင်ရွက်သွားကြရန်တို့ကိုလည်းကောင်း မှာကြားသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ် အဖွဲ့ဝင်များအား သံအမတ်ကြီးနှင့် ဇနီးတို့က ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံကြသည်။

(သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်အား အိန္ဒိယသမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး၊ စစ်သံမှူးနှင့်ကောင်စစ်ဝန်ချုပ်တို့ဦးဆောင်သော သံရုံးဝန်ထမ်း မိသားစုများက အိန္ဒိယသမ္မတနိုင်ငံ နယူးဒေလီမြို့ရှိ မြန်မာနိုင်ငံသံအမတ်ကြီးနေအိမ်၌ ကြိုဆိုနှုတ်ဆက်ကြစဉ်။

(သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်အား နီပေါနိုင်ငံဝန်ကြီးချုပ် တွေ့ဆုံနှုတ်ဆက်

နေပြည်တော် နိုဝင်ဘာ ၁၅

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်အား နီပေါနိုင်ငံဝန်ကြီးချုပ် Pushpa Kamal Dahal Prachanda သည် နိုဝင်ဘာ ၁၃ ရက် ညနေ ၄ နာရီ ၁၅ မိနစ်တွင် အိန္ဒိယသမ္မတနိုင်ငံ နယူးဒေလီမြို့ရှိ Shangri-La Hotel သို့ လာရောက်တွေ့ဆုံနှုတ်ဆက်သည်။

တက်ရောက်

ထိုသို့တွေ့ဆုံနှုတ်ဆက်ရာတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်နှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း၊ အိန္ဒိယသမ္မတနိုင်ငံဆိုင်ရာ ပြည်ထောင်စုမြန်မာနိုင်ငံသံအမတ်ကြီး ဦးကြည်သိန်း၊ အစိုးရအဖွဲ့ရုံး ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးသန့်ရှင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ကျော်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြပြီး နီပေါနိုင်ငံဝန်ကြီးချုပ် Pushpa Kamal Dahal Prachanda နှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး Mr. Upendra Yadav နှင့် အရာရှိကြီးများ တက်ရောက်ကြသည်။

ယင်းသို့တွေ့ဆုံနှုတ်ဆက်ရာတွင် နှစ်နိုင်ငံစီးပွားရေး၊ ယဉ်ကျေးမှုနှင့် ခရီးသွားလုပ်ငန်းဆိုင်ရာကဏ္ဍများကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။ **(သတင်းစဉ်)**

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်အား နီပေါနိုင်ငံဝန်ကြီးချုပ် Pushpa Kamal Dahal Prachanda အိန္ဒိယသမ္မတနိုင်ငံ နယူးဒေလီမြို့ရှိ Shangri-La Hotel ၌ လာရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

နိုဝင်ဘာ ၁၃ရက်က နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ဘင်္ဂလားဒေ့ရှ် ပြည်သူ့သမ္မတနိုင်ငံ အိမ်စောင့်အစိုးရအဖွဲ့ အကြံပေးအရာရှိချုပ် ဒေါက်တာဖာ့ခ်ရူဒင်အာမက်အား အိန္ဒိယသမ္မတနိုင်ငံ နယူးဒေလီမြို့ရှိ Shangri-La Hotel ၌ ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (သတင်း-ကျော်ဖုံး) (သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ဝင်များ အိန္ဒိယနိုင်ငံမှ ပြန်လည်ရောက်ရှိ

နေပြည်တော် နိုဝင်ဘာ ၁၅

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်သည် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း၊ အစိုးရအဖွဲ့ရုံး ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးသန့်ရှင်းနှင့် ဌာနဆိုင်ရာအကြီးအကဲများနှင့်အတူ အိန္ဒိယသမ္မတနိုင်ငံမှ မြန်မာနိုင်ငံသို့ ပြန်လည်ထွက်ခွာရန် နိုဝင်ဘာ ၁၄ရက် နံနက်၅နာရီခွဲတွင် ခေတ္တတည်းခိုသည့် နယူးဒေလီမြို့ရှိ Shangri-La Hotel မှ မော်တော်ယာဉ်များဖြင့် အင်ဒီရာဂန္ဒီ အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိသည်။

ပို့ဆောင်နှုတ်ဆက်

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ဝင်များအား အိန္ဒိယသမ္မတနိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး Mr. Pallam Rajv နှင့် တာဝန်ရှိသူများ၊ အိန္ဒိယသမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံ သံအမတ်ကြီး ဦးကြည်သိန်းနှင့်ဇနီး၊ စစ်သံမှူး ဗိုလ်မှူးကြီးနေဝင်းနှင့်ဇနီး၊ မြန်မာကောင်စစ်ဝန်ချုပ်ရုံးမှ ကောင်စစ်ဝန်ချုပ် ဦးစိုးပိုင်၊ မြန်မာသံရုံးနှင့် စစ်သံရုံးတို့မှ ဝန်ထမ်းမိသားစုများက ပို့ဆောင်နှုတ်ဆက်ကြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ဝင်များ စီးနင်းလိုက်ပါလာသည့် အထူးလေယာဉ်သည် အင်ဒီရာဂန္ဒီအပြည်ပြည်ဆိုင်ရာလေဆိပ်မှ ထွက်ခွာလာကြရာ နံနက်၁၁နာရီတွင် နေပြည်တော်သို့ ရောက်ရှိကြသည်။ **(သတင်းစဉ်)**

ပို့ဆောင်နှုတ်ဆက်

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်အား အိန္ဒိယသမ္မတနိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး Mr. Pallam Rajv အိန္ဒိယသမ္မတနိုင်ငံ အင်ဒီရာဂန္ဒီ အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်စဉ်။ (သတင်းစဉ်)

ဖလားဝါးနယူးစ်ဂျာနယ် အတွဲ(၄)၊ အမှတ်(၄၅)ဖြန့်ချိ

ရန်ကုန် နိုဝင်ဘာ ၁၅

ယခုအပတ်ထုတ် ဖလားဝါးနယူးစ်ဂျာနယ် အတွဲ(၄)၊ အမှတ်(၄၅)၌ ဆောက်လုပ်ရေးလုပ်ငန်းများတွင် လေတိုက်စားမှုနှင့် ပတ်သက်၍ ထည့်သွင်းတွက်ချက်မှုမရှိသေး၊ ရေဓာတ်ငွေ့ဖြင့် ကားမောင်းခြင်း စမ်းသပ်အောင်မြင်၊ လပွတ္တာမှ မုန်တိုင်းဒဏ်သင့် ဆန်စက်လုပ်ငန်းရှင်များအား သုံးနှစ်ဆိုင်း အကြွေးစနစ်ဖြင့် ဆန်စက်ငယ်များရောင်းချပေးမည်၊ STREAM မော်တော်ဆိုင်ကယ် စီးရေတစ်သောင်းထုတ်လုပ်မည်၊ မြို့ပြအခြေခံလုပ်ငန်းများတွင် ကျွမ်းကျင်မှု အရည်အချင်းကများစွာအရေးပါ၊ ပြည်ပသွား အလုပ်လုပ်သူများ အလုပ်အကိုင်ရရှိရေးသာမက အလုပ်တည်မြဲရေးအတွက်ပါ စာချုပ်ချုပ်ဆိုသင့်၊ စင်ကာပူတွင် ကုမ္ပဏီထောင်လိုသူ မြန်မာလုပ်ငန်းရှင်များကို ကူညီမည်၊ MV ZEUS သင်္ဘောနစ်မြုပ်စဉ်ပါဝင်ခဲ့သည့် မြန်မာသင်္ဘောသားရှစ်ဦးတွင် နှစ်ဦးပျောက်ဆုံးနေ စသည့် ပြည်တွင်းရေးရာသတင်းများနှင့်အတူ မေတ္တာပန်းတို့ ထာဝရဝေ၊ အမြဲသွေးနေတဲ့ဓား ကြံ့ရည်ဖန်ရည်ရှိတဲ့ သတင်းသမားလူမှုဘဝနှင့် စာနယ်ဇင်းပညာ သုံးသပ်ဆောင်းပါးများ ဝေဝေဆာဆာဖြင့် ယနေ့ထွက်ရှိလာပြီဖြစ်သည်။

'အမေရိကန်တွေအတွက် ဘဝဆိုတာ ပိုပြီးခက်ခဲလာစေမှာ ဖြစ်ပါတယ်' သမိုင်းပညာရှင် အဲရစ်ဖွန်နာနှင့် တွေ့ဆုံမေးမြန်းခြင်း၊ နိုင်ငံတကာ အင်တာဗျူးဆောင်းပါးနှင့်အတူ အိုဘားမားကို အာရှနိုင်ငံများ အကဲခတ်စောင့်ကြည့်လျက်ရှိ၊ ဂျာမနီနိုင်ငံတွင် အခြားနိုင်ငံမှ အခြေချနေထိုင်သူ အမျိုးသားများကို မိသားစုက အတင်းအကျပ်ထိမ်းမြားလက်ထပ်ပေးခဲ့၊ အာရှနှင့်အရှေ့အလယ်ပိုင်းနိုင်ငံများရှိ ကုန်သွယ်မှုဆက်လက်တိုးပွားလာဖွယ်ရှိ၊ ဂေါ်ဘာချော့ဗ်သမီးအဖြစ် ဟန်ဆောင်၍ မိန့်ကိုတော်ဝင်မိသားစုထံ ချဉ်းကပ်၊ ဂျပန်တွင် အသက်အရွယ်ကြီးသူများ ပြစ်မှုကျူးလွန်နှုန်းမြင့်တက်လာ၊ အနီရောင်သည် ပုရိသ ယောကျ်ားများအတွက် မိန်းမသားများကို စိတ်ဝင်စားစေရန် လှုံ့ဆော်သောအရောင်ဖြစ်၊ အိမ်သာခွက်ပေါ်တွင် ကော်ကပ်ငြိ၍ ဒုက္ခတွေ့နေသူကို ဆေးရုံမှ ကူညီဖြုတ်ပေးခဲ့ရ၊ လိုင်စိတ်နိုးကြွဆေးက လူ ၁၀ဦး၏ အသက်ဇီဝိန်ကို ခြွေသွား စသည့် နိုင်ငံတကာ ထူးထူးဆန်းဆန်းသတင်းများ၊ စီးပွားရေးသုံးသပ်ဆောင်းပါးများ၊ ကျန်းမာရေး၊ ဖျော်ဖြေရေးကဏ္ဍများ စုံလင်စွာဖြင့် e-Empire Media House က မြန်မာတစ်ပြည်လုံး ဖြန့်ချိလိုက်ပြီဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား

၁၆-၁၁-၂၀၀၈ ရက် (တနင်္ဂနွေနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်၊ ယောဆရာတော်ကြီး၏ ဥပ္ပါတသန္တိပါဠိတော်
၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
၇:၅၀ ၅။ **အဆုံးအဖြတ်** ခန့်စည်သူ၊ ငှက်ပျောကြော်၊ အေးမြတ်သူ၊ မျိုးမျိုးခိုင် (ဒါရိုက်တာ-ဖုန်းမြင့်အောင်)
၈:၀၅ ၆။ တေးဂီတအစီအစဉ်
၈:၂၀ ၇။ အတီးပြိုင်ပွဲ
၈:၃၀ ၈။ International News
၈:၄၅ ၉။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာတေးသံသာ
၉:၀၀ ၁၀။ အစီအစဉ်ပြီး၏။

နေ့လယ်ပိုင်း

၁၁:၀၀ ၁။ စစ်သည်တေး
၁၁:၁၀ ၂။ တစ်ပတ်အတွင်း နိုင်ငံတကာသတင်းစဉ်
၁၁:၂၅ ၃။ နိုင်ငံခြားဇာတ်လမ်းတွဲ **မေမေ့မေတ္တာ ကုဋေကုဋာ** (အပိုင်း-၂၂)
၁၂:၂၀ ၄။ Golf Magazine(TV)
၁၂:၄၀ ၅။ မြန်မာရုပ်ရှင် **ပန်းတွေနဲ့ဝေ** ညွှန့်ဝင်း၊ အောင်လွင်၊ ခင်ယုမေ (ဒါရိုက်တာ-မောင်ဝဏ္ဏ)
၁၄:၁၅ ၆။ International News

ညပိုင်း

၃:၂၀ ၁။ တတိယအကြိမ် Grand Royal Challenge Cup 2008 ဘောလုံးပြိုင်ပွဲ **ကိုရီးယား (ဟွန်ဒိုင်းကလပ်)နှင့် ဗီယက်နမ်**
၅:၂၀ ၂။ ဆိုကြမယ်ပျော်ကြမယ်
၆:၀၀ ၃။ ညနေခင်းသတင်း
၆:၃၀ ၄။ မိုးလေဝသအခြေအနေ
၆:၃၅ ၅။ ကာတွန်းအစီအစဉ် **"Pocket Dragon Adventure"**
၆:၅၅ ၆။ တစ်မျက်နှာတစ်ကွက်စာ **မဖြစ်နိုင်ပါဘူး** ထက်ထက်၊ ဝါဝါမေမောင်၊ ခေါလေး (ဒါရိုက်တာ-ကြည်သာ၊ ပွဲကြိုက်ခင်)
၇:၁၅ ၇။ နိုင်ငံခြားဇာတ်လမ်းတွဲ **သံယောဇဉ်နှောင်ကြိုး** (အပိုင်း-၁၄)
၈:၀၀ ၈။ ပြည်တွင်းသတင်း
၉။ နိုင်ငံတကာသတင်းများ
၁၀။ မိုးလေဝသအခြေအနေ
၁၁။ နိုင်ငံခြားဇာတ်လမ်းတွဲ **အချစ်စစ်ရှာဖွေခြင်း** (အပိုင်း-၈)

မန္တလေးတိုင်း ပြင်ဦးလွင်မြို့နယ် ရတနာပုံမြို့သစ်တွင် တည်ဆောက်ထားသော ခေတ်မီရတနာပုံတယ်လီပို့တ် အဆောက်အအုံအား ဤသို့ ခံ့ညားစွာတွေ့ရသည်။
(ဓာတ်ပုံမှတ်တမ်း-မြန်မာ့အလင်း)

စာမျက်နှာ ၃ မှ

လျှပ်စစ်ဓာတ်အားစနစ် တိုးတက်ကောင်းမွန်စေရန်အတွက်လည်း မဟာဓာတ်အားလိုင်းများအဖြစ် ၁၃၂ကေဗွီ သာစည်-တံခွန်တိုင် မဟာဓာတ်အားလိုင်းမှ ဘဲလင်း ပင်မဓာတ်အားခွဲရုံ အဝင်အထွက်လိုင်းစီမံကိန်း၊ ၁၃၂ကေဗွီ ကင်းတား-အင်းကုန်း-အောင်ပင်လယ် မဟာဓာတ်အားလိုင်းမှ ဘဲလင်း ပင်မဓာတ်အားခွဲရုံ အဝင်အထွက်လိုင်းစီမံကိန်းနှင့် ကေဗွီ၂၃၀ ပျဉ်းမနား-သာစည် မဟာဓာတ်အားလိုင်းမှ ရွှေမြို့ပင်မဓာတ်အားခွဲရုံ အဝင်အထွက်လိုင်းစီမံကိန်းတို့ကိုလည်းကောင်း၊ ပင်မဓာတ်အားခွဲရုံများအဖြစ် သာစည် ပင်မဓာတ်အားခွဲရုံတွင် ထရန်စဖော်မာနှစ်လုံး တပ်ဆင်ခြင်းစီမံကိန်း၊ မြောင်းတကာ ပင်မဓာတ်အားခွဲရုံတွင် Capacitor Bank တပ်ဆင်ခြင်းစီမံကိန်း၊ လှော်ကား ပင်မဓာတ်အားခွဲရုံတွင် ထရန်စဖော်မာတပ်ဆင်ခြင်းစီမံကိန်း၊ လှော်ကား ပင်မဓာတ်အားခွဲရုံတွင် Capacitor Bank တပ်ဆင်ခြင်းစီမံကိန်း၊ သာကေတ ပင်မဓာတ်အားခွဲရုံတွင် Capacitor Bank တပ်ဆင်ခြင်းစီမံကိန်းနှင့် လှိုင်သာယာ ပင်မဓာတ်အားခွဲရုံတွင် Capacitor Bank တပ်ဆင်ခြင်းစီမံကိန်းတို့ကိုလည်းကောင်း အချိန်မီပြီးစီးရန် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ရေအားလျှပ်စစ် ဓာတ်အားပေးစက်ရုံများမှ ထွက်ရှိလာသည့် ဓာတ်အားများကို ဓာတ်အားစနစ်သို့ ဆက်သွယ်ပို့လွှတ်ရန်၊ ဓာတ်အားစနစ် တိုးတက်ကောင်းမွန်စေရန်၊ စက်ရုံများအား ဓာတ်အားပေးနိုင်ရေးတို့အတွက် မဟာဓာတ်အားလိုင်း စီမံကိန်းကိုးခုနှင့် ပင်မဓာတ်အားခွဲရုံစီမံကိန်း ၁၉ခုတို့ကို ဆက်လက်အကောင်အထည်ဖော် တည်ဆောက်သွားမည်ဖြစ်သည်။

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းက CDMA-450 မိုဘိုင်းလ်အိတ်ချိန်းလိုင်း ၅၅၀၀၀ တည်ဆောက်ခြင်း၊ CDMA-450 ရေဒီယိုစခန်း ၄၆ခု တပ်ဆင်ခြင်း လုပ်ငန်းများကို စီမံကိန်းချမှတ် ဆောင်ရွက်ခဲ့ရာ ရန်ကုန်မြို့တွင် စခန်းသုံးခု အပါအဝင် မြန်မာ့ပင်လယ်ပြင် ကမ်းရိုးတန်းတစ်လျှောက်နှင့် ဧရာဝတီတိုင်း အတွင်းရှိ နယ်မြေများ၌ စခန်း၃၄ခုတည်ဆောက်ပြီး လိုင်းအင်အား ၅၅၀၀၀ကို ၂၀၀၈ခုနှစ် ဧပြီလကုန်တွင် အပြီးတပ်ဆင် အသုံးပြုဆောင်ရွက်လျက်ရှိ။

ဆက်သွယ်ရေးစနစ်

ဆက်လက်၍ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်က မြန်မာနိုင်ငံကမ်းရိုးတန်းဒေသများရှိ ကမ်းနီး၊ ကမ်းဝေး ပင်လယ်ပြင်တစ်လျှောက် ဆက်သွယ်မှုရရှိစေရန် CDMA- 450 ဆက်သွယ်ရေးစနစ်နှင့် ရန်ကုန်-တောင်ငူ-မန္တလေး ကားလမ်းနှင့်ရထားလမ်းတစ်လျှောက် သုံးစွဲနိုင်သည့် Vehicle Mounted CDMA- 450 ဆက်သွယ်ရေးစနစ် တည်ဆောက်တပ်ဆင်ခြင်းဆိုင်ရာများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ပင်လယ်ပြင် ကမ်းနီး၊ ကမ်းဝေး ဆက်သွယ်ရေးစနစ် တည်ဆောက်နိုင်ရန် ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းက ရန်ကုန်မြို့နှင့်အခြားနေရာများတွင် CDMA-450 မိုဘိုင်းလ်အိတ်ချိန်းလိုင်း ၅၅၀၀၀ တည်ဆောက်ခြင်း၊ CDMA- 450 ရေဒီယိုစခန်း ၄၆ခု တပ်ဆင်ခြင်းလုပ်ငန်းများကို စီမံကိန်းချမှတ်ဆောင်ရွက်ခဲ့ရာ ရန်ကုန်မြို့တွင် စခန်းသုံးခုအပါအဝင် မြန်မာ့ပင်လယ်ပြင် ကမ်းရိုးတန်းတစ်လျှောက်နှင့် ဧရာဝတီတိုင်းအတွင်းရှိ နယ်မြေများ၌ စခန်း၃၄ခု တည်ဆောက်ပြီး လိုင်းအင်အား ၅၅၀၀၀ကို ၂၀၀၈ခုနှစ် ဧပြီလကုန်တွင် အပြီးတပ်ဆင် အသုံးပြုဆောင်ရွက်လျက်ရှိရာ နာဂစ်မုန်တိုင်း ကျရောက်ရာဒေသများ၌ အဆိုပါ CDMA-450 ဆက်သွယ်မှုစနစ်ကိုအသုံးပြု၍ ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ထိရောက်စွာ ဆောင်ရွက်နိုင်ခဲ့သည်။

ထို့အပြင် ရန်ကုန်-တောင်ငူ-မန္တလေး ကားလမ်းနှင့် ရထားလမ်းတစ်လျှောက် ဆက်သွယ်ပြောဆိုနိုင်ရေးအတွက် Vehicle Mounted CDMA-450 ရေဒီယိုစခန်း ၁၅ခုကို တည်ဆောက်တပ်ဆင်ရန် စီမံဆောင်ရွက်လျက်ရှိသည်။

ကြိုးပမ်းဆောင်ရွက်

ထို့ကြောင့် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းသည် CDMA စုစုပေါင်း ဆက်သွယ်ရေး စနစ်အတွက် ရေဒီယိုစခန်း၈၉ခုနှင့် လိုင်းအင်အား ၁၃၄၂၀၀ တို့ကို တည်ဆောက်တပ်ဆင်ရန် အကောင်အထည်ဖော် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။



ရခိုင်ကမ်းလွန်ဒေသ လုပ်ကွက်အမှတ် A-1 ရွှေအစမ်းတွင်းအား ဝေဟင်မှ တွေ့မြင်ရစဉ်။ (ဓာတ်ပုံမှတ်တမ်း-မြန်မာ့အလင်း)

16-11 (08).pmd 1 11/16/2008, 2:22 AM

အမှတ်(၁) လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်း ရှင်းလင်းတင်ပြစဉ်။
(သတင်းစဉ်)

အမှတ်(၂) လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့် ရှင်းလင်းတင်ပြစဉ်။
(သတင်းစဉ်)

ဆက်သွယ်ရေး၊စာတိုက်နှင့်ကြေးနန်းဝန်ကြီး ဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော် ရှင်းလင်းတင်ပြစဉ်။
(သတင်းစဉ်)

စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ ရှင်းလင်းတင်ပြစဉ်။
(သတင်းစဉ်)

ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်း ရှင်းလင်းတင်ပြစဉ်။
(သတင်းစဉ်)

ထို့နောက် စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်လွန်းသီက ရခိုင်ကမ်းလွန်ဒေသ ရေနက်ပိုင်း၊ ကုန်းတွင်းပိုင်းဒေသနှင့် မုတ္တမကမ်းလွန်ဒေသတို့ရှိ ရေနံနှင့် သဘာဝဓာတ်ငွေ့ ရှာဖွေတူးဖော်ထုတ်လုပ်ရေး လုပ်ကွက်များ၌ ပြည်ပ ရေနံကုမ္ပဏီများနှင့် ထုတ်လုပ်မှုအပေါ် ခွဲဝေခံစားရေး စာချုပ်ချုပ်ဆိုထားမှုများကို ခွင့်ပြု အတည်ပြုနိုင်ရေးနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထားဝယ်-မြိတ် ရထားလမ်း

ဆက်လက်၍ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းက ပျော်ဘွယ်-နတ်မောက်-မကွေး ရထားလမ်းဖောက်လုပ်ရေး စီမံကိန်းနှင့် နမ့်စန်-ကျိုင်းတုံ ရထားလမ်းဖောက်လုပ်ရေး စီမံကိန်း၊ ထားဝယ်-မြိတ် ရထားလမ်းဖောက်လုပ်ရေး စီမံကိန်းတို့နှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ရထားပို့ဆောင်ရေးဝန်ကြီးဌာနအနေဖြင့် ၁၉၈၈ခုနှစ်နောက်ပိုင်း ရထားလမ်းခရီးမိုင် ၁၂၁၀ ဒသမ ၅၁ မိုင်၊ ပေ ၁၈၀အထက် ရထားလမ်းတံတားကြီး ၄၉စင်းအပါအဝင် ရထားလမ်းတံတား ၄၅၅၂စင်း၊ ရပ်စခန်းအပါအဝင် ဘူတာ ၃၂၅ခုတို့ကို တည်ဆောက်နိုင်ခဲ့ပြီးဖြစ်သည်။

ထို့အပြင် ကြံခင်း-ပခုက္ကူ ရထားလမ်းဖောက်လုပ်ရေး စီမံကိန်းနှင့် ကသာ-ဗန်းမော်ရထားလမ်း ဖောက်လုပ်ရေးစီမံကိန်းတို့ကို အကောင်အထည်ဖော် ဆောင်ရွက်နေဆဲဖြစ်ပြီး ပျော်ဘွယ်-နတ်မောက်-မကွေး ရထားလမ်းဖောက်လုပ်ရေးစီမံကိန်း၊ နမ့်စန်-ကျိုင်းတုံ ရထားလမ်းဖောက်လုပ်ရေး စီမံကိန်းတို့နှင့်အတူ ထားဝယ်-မြိတ် ရထားလမ်းဖောက်လုပ်ရေး စီမံကိန်းတို့ကို ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်မည်ဖြစ်သည်။

တစ်ဆက်တစ်စပ်တည်း

ခရီးမိုင်၉၅မိုင်ရှိသော ပျော်ဘွယ်-နတ်မောက်-မကွေး-ရထားလမ်းဖောက်လုပ်ရေး စီမံကိန်းသည် အလယ်ပိုင်းမအရှေ့ဘက်ခြမ်းရှိ ပျော်ဘွယ်မြို့မှ အနောက်ဘက်ခြမ်းရှိ မကွေးမြို့သို့ ရထားလမ်းဖောက်လုပ်ခြင်းဖြစ်ပြီး အဆိုပါရထားလမ်း ဖောက်လုပ်ပြီးစီးပါက အလယ်ပိုင်းမကိုဖြတ်ကျော်၍ အရှေ့ဘက်ခြမ်းနှင့် အနောက်ဘက်ခြမ်းရှိ မြို့များသို့ အလွယ်တကူ ကူးလူးဆက်သွယ်နိုင်သဖြင့် ရှမ်းပြည်နယ်၊ မန္တလေးတိုင်းနှင့် မကွေးတိုင်းတို့အတွက် လူမှုရေး၊ စီးပွားရေး၊ လမ်းပန်းဆက်သွယ်ရေးများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သည်။ ဧရာဝတီတံတား (မကွေး)မှတစ်ဆင့် ဧရာဝတီမြစ်အနောက်ဘက်ကမ်းသို့ အလွယ်တကူ ဖြတ်သန်းသွားလာနိုင်ပြီး ဆောင်ရွက်ဆဲဖြစ်သည့်ကြံခင်း-ပခုက္ကူရထားလမ်းနှင့်ဆက်စပ်၍ ဧရာဝတီမြစ်အရှေ့ဘက်ခြမ်းနှင့် အနောက်ဘက်ခြမ်းဒေသများမှ နေပြည်တော်သို့ တစ်ဆက်တစ်စပ်တည်း သွားလာနိုင်မည်ဖြစ်သည်။

တည်ဆောက်

အဆိုပါ ရထားလမ်းဖောက်လုပ်ရာတွင် ပျော်ဘွယ်-ရေငံလမ်းပိုင်းခရီးမိုင် ၄ဒသမ၇၅မိုင်ကို ၁၉၉၉ခုနှစ် ဧပြီ၉ရက်တွင် ဖောက်လုပ်ပြီးစီးခဲ့ပြီး ရထားများ ပြေးဆွဲနေပြီဖြစ်ရာ ကျန်ရှိသည့် ရေငံ-ရန်အောင်-နတ်မောက်-မကွေးလမ်းပိုင်း ၉၀ဒသမ၂၅ မိုင်ကို ဆက်လက်ဖောက်လုပ်သွားမည်ဖြစ်သည်။ ရထားလမ်းတစ်လျှောက် တံတားကြီး/ငယ်ပေါင်း ၃၈၂ စင်းကို တည်ဆောက်သွားရန် ရှိသည်။

အကောင်အထည်ဖော်

ဖောက်လုပ်ပြီးစီးပြီးဖြစ်သည့် ပျော်ဘွယ်-ဘုရားငါးဆူ ရထားလမ်းကို မကြာမီဖွင့်လှစ်တော့မည်ဖြစ်ရာ နေပြည်တော်မှတောင်ကြီးအထိ ရထားများ တောက်လျှောက်ပြေးဆွဲနိုင်ပြီး တောင်ကြီး-ဆိုက်ခေါင်-နမ့်စန်-မိုးနဲ အထိ ခရီးဆက်နိုင်မည်ဖြစ်သည်။ မကြာမီကာလတွင် ရှမ်းပြည်နယ်(တောင်ပိုင်း)နှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း)ဒေသများသို့ အလွယ်တကူ ဆက်သွယ်သွားလာနိုင်ရေး အတွက် နမ့်စန်-ကျိုင်းတုံရထားလမ်းဖောက်လုပ်ရေးစီမံကိန်းကို ဆက်လက် အကောင်အထည်ဖော် ဆောင်ရွက်မည်ဖြစ်သည်။

ဥမင်လိုဏ်ခေါင်း

နမ့်စန်-ကျိုင်းတုံရထားလမ်းသည် ခန့်မှန်းမိုင်၁၉၀ခန့်ရှိပြီး လမ်းတစ် လျှောက် သံလွင်မြစ်ကူးတံတားကြီးတစ်စင်းနှင့် ဥမင်လိုဏ်ခေါင်းများကို တည်ဆောက်ဖောက်လုပ်သွားရန် ရှိသည်။

ထားဝယ်-မြိတ်ရထားလမ်းဖောက်လုပ်ရေးစီမံကိန်းသည် တနင်္သာရီတိုင်း ထားဝယ်မြို့မှ မြိတ်မြို့သို့ ဖောက်လုပ်ခြင်းဖြစ်ရာ အဆိုပါရထားလမ်း ဖောက်လုပ်ပြီးစီးပါက မြန်မာနိုင်ငံမြောက်ဘက် မြစ်ကြီးနားမှ မြန်မာနိုင်ငံ တောင်ဘက်ရှိ မြိတ်မြို့အထိ တစ်ဆက်တည်း ရထားတောက်လျှောက်ပြေးဆွဲနိုင်မည်ဖြစ်သည်။ ထားဝယ်-မြိတ်ရထားလမ်းသည် ခရီးမိုင် ၁၂၇ဒသမ၆၂မိုင်ခန့်ရှိကာ သရက်ချောင်း၊ ပြင်ဖြူကြီး၊ ပလောက်၊ ပုလောနှင့်မီးလောင်ချောင်း တို့အား ဖြတ်သန်းဖောက်လုပ်မည်ဖြစ်သည်။

စိစစ်ကြပ်မတ်

ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ အထူးစီမံကိန်းများ အကောင်အထည်ဖော်ရေးအဖွဲ့ ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေက စီမံကိန်းအလိုက် လိုအပ်ချက်များကို လမ်းညွှန်မှာကြားပြီး နိဂုံးချုပ်အမှာစကားပြောကြားရာ၌ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးအတွက်လိုအပ်သော စီမံကိန်းလုပ်ငန်းများကို ရွေးချယ်အကောင်အထည်ဖော်လျက်ရှိရာ၌ ထိထိရောက်ရောက် မြန်မြန်ဆန်ဆန်ပြီးစီးအောင် ကြိုးစားလုပ်ကိုင်ကြရန်လိုကြောင်း၊ စီမံကိန်းအလိုက် ကုန်ကျစရိတ်များကိုလည်း အနည်းဆုံးဖြစ်အောင် စိစစ်ကြပ်မတ်ချွေတာခြိုးခြံသုံးစွဲကြရန်ဖြစ်ကြောင်း။

ရေရှည်အကျိုး

မိမိတို့ ကြိုးပမ်းတည်ဆောက်သော စီမံကိန်းလုပ်ငန်းများသည် ပြည်ထောင်စုကြီး ဖွံ့ဖြိုးတိုးတက်ရေး၊ တိုင်းရင်းသားပြည်သူအားလုံး၏ လူနေမှုအဆင့်မြင့်မားရေးနှင့် မိမိတို့၏ မျိုးဆက်သစ် နောင်လာနောက်သားများ လက်ထက်အထိ ရေရှည်အကျိုးဖြစ်ထွန်းရေးတို့ကို ဖော်ဆောင်နိုင်ရမည်ဆိုသည့် အသိစိတ်ဓာတ်ဖြင့် စီမံကိန်းလုပ်ငန်းများကို ဖိဖိစီးစီး ထိထိရောက်ရောက် ဆက်လက်ကြိုးပမ်း အကောင်အထည်ဖော်ကြရန်ဖြစ်ကြောင်းမှာကြားပြီး ညှိနှိုင်း အစည်းအဝေးကို ညနေ၅နာရီတွင် ကျင်းပပြီးစီးသည်။ **(သတင်းစဉ်)**

ရန်ကုန်-မန္တလေး အစုန်အဆန်ရထားများ အချိန်စောင့်ဆိုင်းမနေရဘဲ ပြေးဆွဲနိုင်သည့် နေပြည်တော်ပျဉ်းမနား-မြို့ဟောင်း ဒွေးလမ်း ရထားလမ်းကို ၂၀၀၇ခုနှစ် နိုဝင်ဘာ ၂၄ရက်က ဤသို့ဖွင့်လှစ်ပြေးဆွဲခဲ့သည်။
(ဓာတ်ပုံမှတ်တမ်း-မြန်မာ့အလင်း)



မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့် ၂၀၀၈ခုနှစ် (၁၄)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း အမျိုးသမီး ကိုယ်ကာယကြံ့ခိုင်မှု လေ့ကျင့်ခန်း(အေရိုးဗစ်)ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားတွင် အဖွင့်အမှာစကားပြောကြားစဉ်။ (အား/ကာ)

(၁၄)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း အမျိုးသမီးကိုယ်ကာယကြံ့ခိုင်မှုလေ့ကျင့်ခန်း(အေရိုးဗစ်)ယှဉ်ပြိုင်

ရန်ကုန် နိုဝင်ဘာ ၁၅

၂၀၀၈ခုနှစ် အကြိမ်(၂၀)မြောက် မြန်မာနိုင်ငံလုံးဆိုင်ရာ မသန်စွမ်းသူများ အားကစားပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့မွန်းလွဲ ၂နာရီတွင် ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ဝင်း၌ ကျင်းပရာ မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့် တက်ရောက်၍ အဖွင့်အမှာစကားပြောကြားပြီး ပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။

ဆုများပေးအပ်

ယင်းနောက် ပြိုင်ပွဲများကို ကျင်းပပြီး ဆုပေးပွဲအခမ်းအနားကိုကျင်းပရာ ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်က အမျိုးသားဒူးတစ်ဖက်ပြတ် မီတာ၁၀၀အပြေးပြိုင်ပွဲတွင် အနိုင်ရရှိသူများအား ဆုများ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် ဝန်ကြီးသည် ညနေ၃နာရီတွင် အမျိုးသားအားကစားပြိုင်ပွဲရုံ(၁) (သုဝဏ္ဏ)၌ ကျင်းပသည့် ၂၀၀၈ခုနှစ် (၁၄)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း အမျိုးသမီး ကိုယ်ကာယကြံ့ခိုင်မှု လေ့ကျင့်ခန်း(အေရိုးဗစ်) ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက် အမှာစကားပြောကြား၍ ပြိုင်ပွဲအား ဖွင့်လှစ်ပေးသည်။

ပြန်လည်အပ်နှံ

ရှေးဦးစွာ ပြိုင်ပွဲဝင်အသင်းများမှ အားကစားသမားများ ကွင်းအတွင်းနေရာယူကြပြီး ယမန်နှစ် ချန်ပီယံအသင်းဖြစ်သည့် ရန်ကုန်တိုင်းအသင်းက တံခွန်စိုက်ဒိုင်းဆုကြီးကို ဝန်ကြီးထံ ပြန်လည်အပ်နှံသည်။

နှုတ်ဆက်

ဆက်လက်၍ ဝန်ကြီး ဗိုလ်မှူးချုပ် သူရအေးမြင့်က အမှာစကားပြောကြား၍ ပြိုင်ပွဲကိုဖွင့်လှစ်ပေးပြီး ဝန်ကြီး၊ မြန်မာနိုင်ငံအမျိုးသမီး အားကစားအဖွဲ့ချုပ် ဗဟိုလုပ်ငန်းကော်မတီဥက္ကဋ္ဌ ဒေါ်အေးအေးနှင့် တာဝန်ရှိသူများက ပြိုင်ပွဲဝင်အသင်းများအား နှုတ်ဆက်ကြကာ ပြိုင်ပွဲများကို စတင်ကျင်းပသည်။

ပါဝင်ယှဉ်ပြိုင်

ပြိုင်ပွဲကို နိုဝင်ဘာ၁၅ရက်မှ ၁၇ရက်အထိ အမျိုးသားအားကစားပြိုင်ပွဲရုံ(၁)၌ နေ့စဉ်နံနက်၉နာရီတွင် ကျင်းပသွားမည်ဖြစ်သည်။ ပြည်နယ်နှင့်တိုင်းများမှ ပြိုင်ပွဲဝင်အသင်း စုစုပေါင်း ၁၅သင်း ပါဝင်ယှဉ်ပြိုင်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

■ ကျောဖုံးမှ

အဆိုပါအလွတ်သဘောအစည်းအဝေးတွင် ဘင်းမ်စတက်အဖွဲ့ဝင်နိုင်ငံများမှ အစိုးရအဖွဲ့ အကြီးအကဲများသည် ကမ္ဘာတွင် လက်ရှိ ကြုံတွေ့နေရသော ငွေကြေးဂယက်နှင့်ပတ်သက်ပြီး အမြင့်ချင်းဖလှယ်ကြကာ စားနပ်ရိက္ခာဖူလုံရေးကိစ္စ၊ စွမ်းအင်ဖူလုံရေးကိစ္စနှင့် ရာသီဥတုပြောင်းလဲခြင်းဆိုင်ရာ ကိစ္စရပ်များအပေါ် ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

တည်ခင်းဧည့်ခံ

ဘင်းမ်စတက်အဖွဲ့ဝင်နိုင်ငံများမှ အစိုးရအဖွဲ့အကြီးအကဲများ၏ အလွတ်သဘောအစည်းအဝေးအပြီးတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် ဘင်းမ်စတက်အဖွဲ့ဝင်နိုင်ငံများမှ အစိုးရအဖွဲ့ အကြီးအကဲများသည် Hotel Taj Palace &Sd Mumtaj Mahal ခန်းမဆောင်၌ အိန္ဒိယသမ္မတနိုင်ငံ ဝန်ကြီးချုပ်က တည်ခင်းဧည့်ခံသော နေ့လယ်စာစားပွဲသို့ တက်ရောက်ကြသည်။

နေ့လယ်စာစားပွဲအပြီး မွန်းလွဲ ၁နာရီခွဲတွင် Durbar Hall ၌ ဒုတိယအကြိမ် ဘင်းမ်စတက်အစည်းအဝေးနှင့်စပ်လျဉ်းသည့် သတင်းစာရှင်းလင်းပွဲတစ်ရပ်ကို ကျင်းပရာ အဆိုပါသတင်းစာရှင်းလင်းပွဲသို့ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် ဘင်းမ်စတက်အဖွဲ့ဝင်နိုင်ငံများမှ အစိုးရအဖွဲ့အကြီးအကဲများတက်ရောက်ကြပြီး ရှေးဦးစွာ အိန္ဒိယသမ္မတနိုင်ငံဝန်ကြီးချုပ်က ဘင်းမ်စတက်အဖွဲ့၏ သမိုင်းကြောင်း၊ လုပ်ငန်းစဉ်များနှင့်ဆောင်ရွက်ချက်များ၊ ဒုတိယအကြိမ် ဘင်းမ်စတက်အစည်းအဝေးအောင်မြင်စွာ ကျင်းပနိုင်ခဲ့မှုတို့နှင့် စပ်လျဉ်း၍ ပဏာမရှင်းလင်း ပြောကြားသည်။

ရှင်းလင်းပြောကြား

ထို့နောက် ဘင်းမ်စတက်အဖွဲ့ဝင်နိုင်ငံများမှ သတင်းဌာနများ၏ ဘင်းမ်စတက်အဖွဲ့နှင့်စပ်လျဉ်းသည့် မေးမြန်းချက်များကို ဘင်းမ်စတက်အဖွဲ့ဝင်နိုင်ငံများမှ အစိုးရအဖွဲ့အကြီးအကဲများက ပြန်လည်ရှင်းလင်းဖြေကြားကြပြီး မွန်းလွဲ ၂နာရီတွင် သတင်းစာရှင်းလင်းပွဲကို ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

Air Bagan Open Golf Championships ဂေါက်သီးရိုက်ပြိုင်ပွဲ ဒုတိယနေ့ ၁၈ကျင်းပြိုင်ပွဲတွင် သတ်မှတ်ရိုက်ချက်ထက် နှစ်ချက်လျှော့ရိုက်ပြီး ဦးဆောင် ကစားလျက်ရှိသော စိုးကျော်နိုင် (Srixon) ။
(ဂေါက်သီးရိုက်အဖွဲ့ချုပ်)

Air Bagan Open Golf Championships ဂေါက်သီးရိုက်ပြိုင်ပွဲ ၁၈ ကျင်းပြိုင်ပွဲဆက်လက်ယှဉ်ပြိုင်

ရန်ကုန် နိုဝင်ဘာ ၁၅

မြန်မာနိုင်ငံ ဂေါက်သီးရိုက်အဖွဲ့ချုပ်နှင့် Myanmar P.G.A တို့က ကြီးမှူး၍ မြန်မာပြည်တွင်းပတ်လည် ဂေါက်သီးရိုက်ပြိုင်ပွဲ (Myanmar Golf Tour 2008-2009) ၏ Air Bagan Open Golf Championships ဂေါက်သီးရိုက်ပြိုင်ပွဲကို ယမန်နေ့ နံနက်၇နာရီခွဲတွင် ပုဂံမြို့ Bagan Golf Resort ၌ ဆက်လက်ကျင်းပသည်။

ဦးဆောင်ကစား

ဒုတိယနေ့ ၁၈ကျင်းပြိုင်ပွဲ အပြီးတွင် Professional Golfers ပြိုင်ပွဲ၌ စိုးကျော်နိုင်(Srixon)က သတ်မှတ်ရိုက်ချက်ထက် နှစ်ချက်လျှော့ရိုက်ပြီး နှစ်ရက်ပေါင်း ၁၄၂ ချက်ဖြင့် ဦးဆောင်ကစားလျက်ရှိသည်။

သိန်းဇော်မြင့် (KM)က သတ်မှတ်ရိုက်ချက်ထက် တစ်ချက်လျှော့ရိုက်၍ နှစ်ရက်ပေါင်း ၁၄၃ချက်ဖြင့် ဒုတိယလိုက်နေပြီး ဇော်ဇော်လတ် (Srixon)က နှစ်ရက်ပေါင်း ၁၄၅ချက်ဖြင့် တတိယလိုက်နေသည်။

အပျော်တမ်းပြိုင်ပွဲ

အမျိုးသား အပျော်တမ်းပြိုင်ပွဲတွင် နေဗလဝင်းမြင့်က သတ်မှတ်ရိုက်ချက်ထက် သုံးချက်လျှော့ရိုက်ပြီး နှစ်ရက်ပေါင်း ၁၄၁ချက်ဖြင့် ဦးဆောင်ကစားလျက်ရှိသည်။ ဘိုဘိုလေးက သတ်မှတ်ရိုက်ချက်ထက် နှစ်ချက်လျှော့ရိုက်၍ နှစ်ရက်ပေါင်း ၁၄၂ ချက်ဖြင့် ဒုတိယလိုက်နေပြီး ရန်မျိုးအေးက နှစ်ရက်ပေါင်း၁၄၅ချက်ဖြင့် တတိယလိုက်နေသည်။ **(သတင်းစဉ်)**

ငါးသယံဇာတတိုးပွားရေး လားရှိုး၌ဆောင်ရွက် တိုင်းမှူးဗိုလ်ချုပ်အောင်သန်းထွဋ်ကောက်ကွေ့တမံအတွင်းငါးမျိုးစိုက်ထည့်

လားရှိုး နိုဝင်ဘာ ၁၅

ငါးသယံဇာတတိုးပွားရေး၊ သားငါးထုတ်လုပ်မှုနှင့် ရိက္ခာဖူလုံပိုလျှံရေးတို့အတွက် ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့ရှိ ကောက်ကွေ့ရေလှောင်တမံအတွင်း ငါးမျိုးစိုက်ထည့်ခြင်း အခမ်းအနားကို နိုဝင်ဘာ ၈ရက် နံနက် ၉နာရီက ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့နယ် ကောက်ကွေ့ရေလှောင်တမံ၌ ကျင်းပရာ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ (မြောက်ပိုင်း)ဥက္ကဋ္ဌ အရှေ့မြောက်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်အောင်သန်းထွဋ်နှင့် တပ်မတော်အရာရှိကြီးများ၊ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်နယ်ဆည်မြောင်းဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူးဦးဘုန်းတင်၊ ပြည်နယ်ငါးလုပ်ငန်းဦးစီးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်ညီတိုးနှင့် ပြည်နယ်အဆင့်ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့အသီးသီးမှ တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ကြသည်။

ငါးမျိုးစိုက်ထည့်

အခမ်းအနားတွင် ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (မြောက်ပိုင်း)ဥက္ကဋ္ဌ အရှေ့မြောက်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်အောင်သန်းထွဋ်က ကောက်ကွေ့ရေလှောင်တမံအတွင်း ငါးမျိုးများ စိုက်ထည့်ပြီး တက်ရောက်လာသူများက ငါးမျိုးများ စိုက်ထည့်ကြသည်။ကောက်ကွေ့ရေလှောင်တမံအတွင်း ငါးမျိုးများစိုက်ထည့်ခြင်း အခမ်းအနားတွင် ငါးခုံးမကောင်ရေ နှစ်သိန်းမျိုးစိုက်ထည့်ကြောင်း သိရသည်။ **(ပြည်နယ် မြန်/ဆက်)**

မြန်မာ့အလင်း **မိုးလေဝသ ခန့်မှန်းချက်** သန်းသန်းနု ကိုးကားတင်ပြသည်

ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် တနင်္သာရီတိုင်းတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်

ရန်ကုန် နိုဝင်ဘာ ၁၅

နိုဝင်ဘာ ၁၅ ရက်က မြန်မာနိုင်ငံ၏ ရာသီဥတုကို ဖော်ပြရပါက ရခိုင်ပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်း၊ ဧရာဝတီတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့ပြီး ကျန်ဒေသများ၌ အများအားဖြင့် သာယာခဲ့သည်။

ညအပူချိန်များမှာ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ စစ်ကိုင်းတိုင်း အထက်ပိုင်း၊ မန္တလေးတိုင်းနှင့် ပဲခူးတိုင်းတို့တွင် နိုဝင်ဘာလ၏ ပျမ်းမျှအပူချိန်တို့အောက် ၃ဒီဂရီစင်တီဂရိတ်မှ ၄ဒီဂရီစင်တီဂရိတ်အထိ၊ ကချင်ပြည်နယ်၊ စစ်ကိုင်းတိုင်းအောက်ပိုင်း၊ မကွေးတိုင်း၊ ရန်ကုန်တိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နိုဝင်ဘာလ၏ ပျမ်းမျှအပူချိန်တို့အောက် ၅ဒီဂရီ စင်တီဂရိတ်၊ ၆ဒီဂရီစင်တီဂရိတ်လျော့နည်းခဲ့ပြီး ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် နိုဝင်ဘာလ၏ ပျမ်းမျှ အပူချိန်ခန့်သာ ရှိခဲ့သည်။

ထူးခြားသည့် ညအပူချိန်များမှာ လွိုင်လင်တွင် ၂ ဒီဂရီ စင်တီဂရိတ်၊ ဟားခါးမြို့တွင် ၄ ဒီဂရီ စင်တီဂရိတ်နှင့် နမ့်စန်မြို့တွင် ၆ ဒီဂရီ စင်တီဂရိတ်တို့ဖြစ်သည်။

နိုဝင်ဘာ၁၆ရက် **(ယနေ့)** ပြည်နယ်နှင့်တိုင်းများ၏ ရာသီဥတုကို ခန့်မှန်းရပါက ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ စစ်ကိုင်းတိုင်း အထက်ပိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းပြီး ကျန်ဒေသများ၌ အများအားဖြင့် သာယာနေမည်ဖြစ်သည်။

နိုဝင်ဘာ ၁၆ရက် **(ယနေ့)** နေပြည်တော်နှင့် မန္တလေးမြို့အနီးတစ်ဝိုက် အများအားဖြင့် သာယာမည်ဖြစ်ပြီး ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင်မူ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်ဖြစ်သည်။

ဆိုင်ကလုန်းရွေ့လျား

ဘင်္ဂလားပင်လယ်အော် အနောက်တောင်ပိုင်းတွင် ဖြစ်ပေါ်နေသော ဆိုင်ကလုန်းမုန်တိုင်း **"ခိုင်မော့ခ်"**သည် အနောက်မြောက်ဘက်သို့ တဖြည်းဖြည်း ရွေ့လျားလျက်ရှိရာ မြန်မာစံတော်ချိန် နံနက်၉နာရီခွဲ တိုင်းထွာချက်များအရ အိန္ဒိယနိုင်ငံ အင်ဒရာပရာဒက်ရှ်ကမ်းခြေကို မာချီလီပတ္တနမ်မြို့အနီးမှ ဖြတ်ကျော်ဝင်ရောက်လျက်ရှိသည်။ အဆိုပါ ဆိုင်ကလုန်းမုန်တိုင်းသည် နောက် ၁၂နာရီအတွင်း ကုန်းတွင်းပိုင်းသို့ ဖြတ်ကျော်ဝင်ရောက်မည်ဟု ခန့်မှန်းထားသည်။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေသည်။

ထူးခြားသည့်အခြေအနေ

မြန်မာစံတော်ချိန် နံနက် ၉ နာရီခွဲတိုင်းထွာချက်များအရ တောင်တရုတ်ပင်လယ်ပြင်တွင် ဖြစ်ပေါ်နေသော အပူပိုင်းမုန်တိုင်းငယ်သည် အားပျော့ပျက်ပြယ်သွားပြီဖြစ်သည်။ မြန်မာ့ပင်လယ်ပြင်တွင်မူ လှိုင်းအသင့်အတင့်ရှိမည်ဖြစ်ကြောင်း ဖော်ပြလိုက်ရပါသည်။ ။

ကိုးကား-မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ ထုတ်ပြန်ချက်

ကမ္ဘာ့ခုခံအားကျဆင်းမှု ကူးစက်ရောဂါ တိုက်ဖျက်ရေးနေ့ ၂၀၀၈ ခုနှစ်၊ ဒီဇင်ဘာလ(၁)ရက်နေ့

(1-12-2008)

"ကာကွယ်ကုသပြုစုလို့၊ အေအိုင်ဒီအက်စ်တိုက်ဖျက်ဖို့၊ အားလုံးပါဝင်ဆောင်ရွက်စို့"

" Stop AIDS. Keep the Promise."
" Scaling up- prevention, treatment and care "

ကျန်းမာရေးဝန်ကြီးဌာန

မြန်မာ့အလင်း အမြို့မြို့ အနယ်နယ် လိုတိုရှင်းသတင်းများ

သာစည်မြို့နယ် ပြန်/ဆက် ဦးစီးဌာန စာပတ်ဝိုင်းပွဲ ဆွေးနွေး

အခြေခံဥပဒေအခန်းကဏ္ဍများအကြောင်း သိကောင်းစရာ စာဖတ်ဝိုင်းကို အောက်တိုဘာ ၁၇ ရက် နံနက် ၉ နာရီက သာစည်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနခန်းမ၌ ကျင်းပရာ မြို့နယ်ဦးစီးမှူး ဦးဝင်းတင့်က ဝန်ထမ်းများ အခန်းကဏ္ဍအလိုက် ဖတ်ကြားဆွေးနွေးချက်များအပေါ် ပြန်လည်သုံးသပ်ဆွေးနွေးခဲ့သည်။ (ဝ၉၄)

တန့်ဆည်မြို့၌ ကျွန်စစ်သားလမ်း ကျောက်ချောခင်း

တန့်ဆည်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်ခဲ့သော ကျွန်စစ်သားလမ်း ကျောက်ချောခင်းခြင်း ဆောင်ရွက်ပြီးစီးမှုကို အမှုဆောင်အရာရှိ ဦးမျိုးငွေ ကွင်းဆင်းစစ်ဆေးရာ တာဝန်ခံအင်ဂျင်နီယာ ဦးဇော်သက်နိုင်က ရှင်းလင်းတင်ပြသည်။ **(မြို့နယ်စည်ပင်)**

သစ်တောကျောင်း ဘောလုံးပြိုင်ပွဲဖွင့်

မြန်မာနိုင်ငံသစ်တောကျောင်း မိုးရာသီအားကစားပြိုင်ပွဲကို အောက်တိုဘာ ၄ရက် ညနေ၃နာရီခွဲက ပြင်ဦးလွင်မြို့ မြေတိုင်းကျောင်း အားကစားကွင်း၌ ကျင်းပရာ မြန်မာနိုင်ငံ သစ်တောကျောင်းအုပ်ကြီး ဦးမြဂ ဘောလုံးကန်၍ ပြိုင်ပွဲကိုဖွင့်လှစ်ပေးသည်။ (ဝ၈၈)

ကျောက်ကြီးမြို့နယ်၌ ဈေးသန့်ရှင်းရေး ဆောင်ရွက်

ပဲခူးတိုင်း ကျောက်ကြီးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ ပွင့်လင်းရာသီ အကြိုသန့်ရှင်းရေးနှင့် လုံခြုံရေးလုပ်ငန်းများကို အောက်တိုဘာ ပထမပတ်မှစတင်၍ စည်ပင်သာယာဈေးအတွင်း ဆောင်ရွက်ကြရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးကိုကိုလေး အောက်တိုဘာ ၁၀ရက်နှင့် ၁၁ရက်က ကွင်းဆင်း ကြီးကြပ်ကြောင်း သိရသည်။ **(ဝ၄၅)**

ခင်ဦးမြို့နယ်တွင် အလယ်တန်းကျောင်း(ခွဲ)ဖွင့်

စစ်ကိုင်းတိုင်း ရွှေဘိုခရိုင် ခင်ဦးမြို့နယ် မြို့သစ်ကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)ဖွင့်ပွဲအခမ်းအနားကို အောက်တိုဘာ ၂၄ရက် နံနက် ၉နာရီက အဆိုပါကျောင်း(ခွဲ)၌ ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ၊ မြို့နယ်ရဲတပ်ဖွဲ့မှူးနှင့် မြို့နယ်ပညာရေးမှူး ဦးဝင်းမောင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ *(မြို့နယ် ပြန်/ဆက်)*

မင်းပြားမြို့နယ် သံရှင်ကျေးရွာ၌ အသိပညာပေး ဟောပြော

စစ်တွေခရိုင် မင်းပြားမြို့နယ်တွင် ကျေးလက်နေ ပြည်သူများအား အသိပညာဗဟုသုတ ရရှိစေရေးအတွက် ဟောပြောပွဲကို အောက်တိုဘာ ၂၃ရက် မွန်းတည့် ၁၂နာရီက သံရှင်ကျေးရွာ အမကကျောင်း၌ ကျင်းပသည်။ **(မြို့နယ် ပြန်/ဆက်)**

ခန္တီးမြို့၌ စံကွက်ရိတ်သိမ်း

ခန္တီးမြို့နယ် ကင်းတော်ကျေးရွာအုပ်စု မြို့နယ်အဆင့် စံကွက်ရိတ်သိမ်းပွဲကို တောင်သူဦးလှသန်းနှင့် ဦးယောင်လီတို့၏ လယ်ကွက်တွင် နိုဝင်ဘာ ၅ရက် နံနက် ၈ နာရီက ကျင်းပရာ ဦးလှသန်းစိုက်ပျိုးသော ဆင်းသွယ်ရင်အထွက်တိုး စပါးမျိုးမှတစ်ဧက အထွက်နှုန်း ၁၀၁ဒသမ၅၆တင်းရရှိပြီး ဦးယောင်လီ လယ်ကွက်တွင် စိုက်ပျိုးသော ရွှေရင်အေးစပါးမျိုးမှ တစ်ဧကအထွက်နှုန်း ၉၃ဒသမ၇၅တင်း ထွက်ရှိသည်။
(ခရိုင် ပြန်/ဆက်)

အနာကြီးရောဂါ ကိုယ်အင်္ဂါချို့ယွင်းမှု သင်တန်းဖွင့်

အရာတော်မြို့နယ်၌ တိုင်းကျန်းမာရေး ဦးစီးဌာနကကြီးမှူး၍ အခြေခံကျန်းမာရေး ဝန်ထမ်းများအား အနာကြီးရောဂါ ကိုယ်အင်္ဂါချို့ယွင်းမှု ကာကွယ်ရေးစီမံချက် သင်တန်းဖွင့်ပွဲကို အောက်တိုဘာ ၂၈ ရက် နံနက် ၉ နာရီက မြို့နယ်ပြည်သူ့ဆေးရုံ ဆာဆာကာဝါခန်းမ၌ ကျင်းပရာ မြို့နယ်ကျန်းမာရေး ဦးစီးဌာနမှူး (ကိုယ်စား) ဒေါက်တာ မြသန်းထိုက်က သင်တန်းနှင့်ပတ်သက်သည့်သိမှတ်စရာများကို ရှင်းလင်းပြောကြားသည်။ **(မြို့နယ် ပြန်/ဆက်)**

ကျောက်တံခါး၌ မြို့တွင်းလမ်းများ ဆောင်ရွက်

ပဲခူးတိုင်း စည်ပင်သာယာရေးအဖွဲ့ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးလှမိုးထွန်း ကျောက်တံခါးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ် မြို့တွင်းလမ်းများ ကောင်းမွန်ရေးစီမံချက်အရ ကျောက်တံခါးမြို့ ဗိုလ်ချုပ်လမ်း ကတ္တရာ ထပ်ပိုးလွှာခင်းခြင်းကို အောက်တိုဘာ ၂၀ ရက်က ကွင်းဆင်းကြည့်ရှုရာ အမှုဆောင်အရာရှိ ဦးလွန်းတင်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးမောင်မောင်နိုင်မင်းတို့ ရှင်းလင်းတင်ပြသည်။
(မြို့နယ်ပြန်/ဆက်)

တီးတိန်မြို့ရေပေးရေး ပိုက်လိုင်းများတပ်ဆင်

ချင်းပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ခေတ္တညွှန်ကြားရေးမှူး ဦးမျိုးအောင်သည် အောက်တိုဘာ ၁၈ရက်က တီးတိန်မြို့၌ ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ် နိုင်ငံတော် ထောက်ပံ့ငွေဖြင့် ဆောင်ရွက်လျက်ရှိသော မြို့ရေပေးရေးလုပ်ငန်းဖြစ်သည့် ခြောက်လက်မ ဂျီအိုင်ရေပိုက်များ ရွှေ့ပြောင်းတပ်ဆင်ခြင်းလုပ်ငန်းကို ကွင်းဆင်းစစ်ဆေးသည်။ **(မြို့နယ်စည်ပင်)**

ဝက်လက်မြို့၌ အောင်မင်္ဂလာလမ်း ကျောက်ချောခင်း

ဝက်လက်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၈-၂၀၀၉ဘဏ္ဍာရေးနှစ် အောင်မင်္ဂလာလမ်း ကျောက်ချောခင်းခြင်း ဆောင်ရွက်ပြီးစီးမှုကို အမှုဆောင်အရာရှိ ဦးထင်အောင်ဦးနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးသိန်းဇော်တို့ ကွင်းဆင်းစစ်ဆေးရာ အဖွဲ့ရုံးမှ အငယ်တန်းအင်ဂျင်နီယာ(၂)ဒေါ်တင်မာမြင့်က လုပ်ငန်းဆောင်ရွက်မှုနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။
(မြို့နယ်စည်ပင်)

ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးအား ဆွီဒင်နိုင်ငံသံမှူးကြီး လာရောက်တွေ့ဆုံ

နေပြည်တော် နိုဝင်ဘာ ၁၅

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးအား ထိုင်းနိုင်ငံ ဗန်ကောက်မြို့အခြေစိုက် ဆွီဒင်နိုင်ငံသံရုံးမှ သံမှူးကြီး Mr.Benet Ekman သည် နိုဝင်ဘာ ၁၃ရက် ညနေ ၅ နာရီခွဲတွင် နေပြည်တော်ရှိ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးရုံးဧည့်ခန်းမဆောင်သို့ လာရောက်တွေ့ဆုံပြီး နှစ်နိုင်ငံလယ်ယာကဏ္ဍတွင် နည်းပညာပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များကို ဆွေးနွေးကြကြောင်း သတင်းရရှိသည်။ **(အပေါ်ပုံ) (သတင်းစဉ်)**

တစ်ချက်တည်း ကျင်းဝင်

ရန်ကုန် နိုဝင်ဘာ ၁၅

မြန်မာနိုင်ငံ ဂေါက်သီးရိုက်အဖွဲ့ချုပ် အမှုဆောင် ဦးတင့်ဦး(Executive Director, IBTC)သည် ကစားဖော်များဖြစ်သော မြန်မာနိုင်ငံ ဂေါက်သီးရိုက်အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးမင်းသိမ်း(Air Bagan Ltd.,Director)၊ မြန်မာနိုင်ငံဂေါက်သီးရိုက်အဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးအောင်ကြည်နှင့် အမှုဆောင်ဦးမြင့်စိုးတို့နှင့်အတူ နိုဝင်ဘာ ၁၃ရက်တွင် ပုဂံမြို့ Bagan Golf Resort ၌ ဂေါက်သီးရိုက်ကစားစဉ် Srixon Zurs Ball No.4 ဘောလုံးကို XXIO MP 500 Iron No.9 သံတုတ်ဖြင့် ရိုက်လိုက်ရာ ၁၅၇ ကိုက်အကွာအဝေးတွင်ရှိသော ကျင်းအမှတ် (၄) သို့ တစ်ချက်တည်းကျင်းဝင်သွားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကိုရီးယား စကားပြောပြိုင်ပွဲ ကျင်းပမည်

ရန်ကုန် နိုဝင်ဘာ ၁၅

ကိုရီးယားသမ္မတနိုင်ငံသံရုံးမှ ဆဋ္ဌမအကြိမ် ကိုရီးယားစကားပြော ပြိုင်ပွဲကို ဒီဇင်ဘာ ၁၂ ရက် မွန်းလွဲ ၂ နာရီခွဲတွင် ရန်ကုန်မြို့ ဆီဒိုးနားဟိုတယ် Grand Ballroom ခန်းမ၌ ကျင်းပမည်ဖြစ်သည်။

ကိုရီးယားနိုင်ငံသို့ သွားရောက်ခဲ့ပြီးသူများမှလွဲ၍ Test of Proficiency in Korean (TOPIK) Level 4 အဆင့်နှင့်အထက် အောင်မြင်ပြီးသူများသည် စကားပြောပြိုင်ပွဲအတွက် အကြိုစာမေးပွဲ ဖြေဆိုနိုင်ရန် စာရင်းပေးသွင်းနိုင်သည်။ စာရင်းပေးသွင်းရမည့်ကာလမှာ နိုဝင်ဘာ ၁၀ ရက်မှ ၁၉ရက်အတွင်းဖြစ်ပြီး ယှဉ်ပြိုင်သူများအား အကြိုစာမေးပွဲဖြင့် စိစစ်ရွေးချယ်ရန်၊ ၄င်းတို့အနက်မှ အရည်အချင်းပြည့်မီသူ ၁၂ဦးအား နောက်ဆုံးပြိုင်ပွဲအတွက်ရွေးချယ်မည်ဖြစ်သည်။ ၄င်း ၁၂ ဦးအား ပဏာမရွေးချယ်နိုင်ရန် အကြိုစာမေးပွဲကို ရန်ကုန်မြို့နှင့် မန္တလေးမြို့များ၌ နိုဝင်ဘာ ၂၂ရက်တွင် တစ်ပြိုင်တည်းကျင်းပမည် ဖြစ်သည်။ စကားပြောပြိုင်ပွဲကို မည်သူမဆို လာရောက်ကြည့်ရှုလေ့လာနိုင်သည်။

သတ်မှတ်ပုံစံတောင်းယူနိုင်

ရန်ကုန်မြို့အတွက် ကိုရီးယား သမ္မတနိုင်ငံ သံရုံး၌လည်းကောင်း၊ မန္တလေးမြို့အတွက် Ms. Park Chan Hi@ မကလျာ ကိုရီးယားဘာသာဌာန မန္တလေးနိုင်ငံခြားဘာသာတက္ကသိုလ်၌ လည်းကောင်း သတ်မှတ်ပုံစံများကို တောင်းယူနိုင်သည်။

ဆက်သွယ်မေးမြန်းလိုပါကကိုရီးယားသမ္မတနိုင်ငံ သံရုံး ဖုန်း-၅၂၇၁၄၂ မှ ၅၂၇၁၄၄တို့သို့ ဆက်သွယ် မေးမြန်းနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဝန်ကြီးဗိုလ်မှူးချုပ်မောင်မောင်သိမ်း မွေးမြူရေးခြံများ ကြည့်ရှုစစ်ဆေး ရောဂါမဖြစ်ပွားစေရန် ကြိုတင်စီမံဆောင်ရွက်ရန်မှာကြား

နေပြည်တော် နိုဝင်ဘာ ၁၅

မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်းသည် နိုဝင်ဘာ ၁၂ရက် နံနက် ၉ နာရီက နေပြည်တော်တပ်ကုန်း ကံကြီးကျေးရွာ မွေးမြူရေး ဇုန်(၁)ရှိ ဦးဝင်းရွှေ၏ နို့စားနွားမွေးမြူရေးခြံ၌ ကြည့်ရှုစစ်ဆေးကာ ဝန်ကြီးက နို့နှင့်နို့ထွက်ပစ္စည်းများ ပိုမိုထုတ်လုပ်သွားရေးနှင့် စပ်လျဉ်း၍ မှာကြားသည်။

ထို့နောက် ဝန်ကြီးသည် ဆိတ်မွေးမြူရေးခြံနှင့် သိုးမွေးမြူရေးခြံတို့ကို ကြည့်ရှုစစ်ဆေးကာ နွား၊ သိုး၊ ဆိတ်စသည့် တိရစ္ဆာန်များတွင် ခွာနာ၊ လျှာနာရောဂါနှင့် ထောင့်သန်းရောဂါမဖြစ်ပွားအောင် ကြိုတင် စီမံဆောင်ရွက်သွားရန်မှာကြားပြီး မွေးမြူရေးဇုန်(၁)ရှိ CP ဆိတ်မွေးမြူရေးခြံ၌ ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဓာတ်ပုံပြပွဲနှင့်ဟောပြောပွဲ လှိုင်မြို့နယ်၌ကျင်းပ

ရန်ကုန် နိုဝင်ဘာ ၁၅

လှိုင်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူးဖွင့်လှစ်သော ဓာတ်ပုံပြပွဲနှင့် ဟောပြောပွဲအခမ်းအနားကို နိုဝင်ဘာ ၁၄ ရက် နံနက် ၁၀ နာရီက အမှတ်(၁၁)ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးတွင် ကျင်းပသည်။

အခမ်းအနားတွင် ရပ်ကွက်ဥက္ကဋ္ဌ ဦးကျော်မင်းဦးက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးမှူး ဒေါ်နွဲ့နွဲ့ရီက အောင်မြင်မှုဆီသို့ ခေါင်းစဉ်ဖြင့်ဟောပြောသည်။

ရှင်းလင်းဆွေးနွေး

ဆက်လက်၍ ရပ်မိရပ်ဖများနှင့် အသိပညာပေး သုတ၊ ရသစာပေများကို ဖတ်ကြားဆွေးနွေးပြီး**(အပေါ်ပုံ)** စာကြည့်တိုက်မှူး ဒေါ်ဝင်းဝင်းရီက ရှင်းလင်းဆွေးနွေးသည်။ **(မြို့နယ် ပြန်/ဆက်)**

ကျောင်းကုန်းမြို့နယ်အသင်း သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲ

ရန်ကုန် နိုဝင်ဘာ ၁၅

ကျောင်းကုန်းမြို့နယ်အသင်း(ရန်ကုန်)၏ (၂၆)ကြိမ်မြောက် သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲကို ဒီဇင်ဘာ ၇ရက်(တနင်္ဂနွေနေ့) မွန်းတည့် ၁၂နာရီမှ ညနေ ၄နာရီအထိ ရွှေတိဂုံအရှေ့ဘက်မုခ်၊ ကြားတောရလမ်း အမှတ် ၂၀/၄၃ (စီ) ဧရာဝတီတိုင်းမွေ့ရုံ၌ ကျင်းပမည်ဖြစ်ရာ အသင်းသူ အသင်းသားများ၊ နယ်သူ နယ်သားမိသားစုများ မပျက်မကွက်တက်ရောက်ရန် နှိုးဆော်ထားသည်။

ယင်း ရက်မတိုင်မီ အသက် ၇၅ နှစ်နှင့်အထက် အသင်းဝင်များ၏ အမည်စာရင်းနှင့် ၂၀၀၆-၂၀၀၇၊ ၂၀၀၇-၂၀၀၈ ခုနှစ် အခြေခံပညာအထက်တန်းကို ဂုဏ်ထူးဖြင့် အောင်မြင်ခဲ့ကြသော အသင်းဝင်များ၏ သားသမီးများ၊ မိမိတို့၏ ကျောင်းထောက်ခံချက် အမှတ်စာရင်းများကို အသင်းတိုက် အမှတ် (၂၀၃) ၃၇လမ်း ကျောက်တံတားမြို့နယ်၊ဦးညွန့်မြင့် ဖုန်း-၃၈၃၅၂၄၊ ဦးစောလွင် ဖုန်း-၅၃၆၈၂၇၊ ဦးစန်းအောင် ဖုန်း-၅၇၇၇၂၉၊ ဦးမျိုးဟန် ဖုန်း-၅၇၀၄၇၉ နှင့် ဦးမြင့်စိန် ဖုန်း-၀၄၆-၄၀၃၀၀ တို့သို့ ဆက်သွယ်ပေးပို့နိုင်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

ဗဟန်း ပြန်/ဆက် ဦးစီးဌာန နယ်လှည့်စာဖတ်ခန်းဖွင့်

ရန်ကုန် နိုဝင်ဘာ ၁၅

ဗဟန်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူးဖွင့်လှစ်သော နယ်လှည့်စာကြည့်တိုက်၊ စာအုပ်ပြပွဲ၊ နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲနှင့် ဟောပြောပွဲ အခမ်းအနားကို နိုဝင်ဘာ ၁၁ရက် နံနက် ၁၀နာရီက ဆရာစံ(စံပြ) ရပ်ကွက် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံးတွင်ကျင်းပရာ မြို့နယ်ဦးစီးမှူးဒေါ်အေးအေးဆင့်နှင့် ရပ်ကွက်ဥက္ကဋ္ဌ ဦးတင်မောင်အေးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(ယာပုံ)**

ဟောပြော

အခမ်းအနားတွင် မြို့နယ်ဦးစီးမှူး ဒေါ်အေးအေးဆင့်က စာကြည့်တိုက်ရှင်သန်ဖွံ့ဖြိုးရေးအတွက် သတ်မှတ်စံ(၅)ချက်နှင့်အညီ ခိုင်မာရေး စာကြည့်တိုက်ကော်မတီဝင်များနှင့် ညှိနှိုင်းဆောင်ရွက်သွားရန်နှင့် စာဖတ်ရှိန်မြင့်တင်ရေးတို့ကို ဟောပြောသည်။

ဆက်လက်၍ ဆရာစံ(စံပြ) ရပ်ကွက်အတွင်းရှိ အမျိုးသမီးရေးရာအဖွဲ့ရုံးတွင်လည်း ဟောပြောပွဲနှင့်အတူ စာဖတ်ဝိုင်း ပြုလုပ်ခဲ့ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

လက်ရှိချန်ပီယံမြန်မာအသင်း အင်ဒိုနီးရှားကို အနိုင်ရ အုပ်စု(က)ပထမဖြင့် အကြိုဗိုလ်လုပွဲသို့ တက်ရောက်

သတင်းမြင်ကွင်း - ဖိုးသော်ဇင် ❖ ဓာတ်ပုံမှတ်တမ်း - သိန်းဝင်းလေး(မြန်မာ့အလင်း) ❖ စာမျက်နှာဖွဲ့စည်းမှု - ဉာဏ်ဟိန်းစိုး

မြန်မာ့လက်ရွေးစင် - နှစ်ဂိုး။
အင်ဒိုနီးရှားလက်ရွေးစင် - တစ်ဂိုး။

ရန်ကုန် နိုဝင်ဘာ ၁၅

တတိယအကြိမ် Grand Royal Challenge Cup 2008 ဘောလုံးပြိုင်ပွဲ (က)အုပ်စု နောက်ဆုံးပွဲစဉ်ဖြစ်တဲ့ အင်ဒိုနီးရှားလက်ရွေးစင်အသင်းနဲ့ မြန်မာ့လက်ရွေးစင်အသင်းတို့ဟာ ယနေ့ ညနေ ၃နာရီခွဲက သုဝဏ္ဏဘောလုံးကွင်းမှာ ဆက်လက်ယှဉ်ပြိုင်ကစားခဲ့ကြပြီး မြန်မာ့လက်ရွေးစင်အသင်းက အနိုင်ရရှိကာ အုပ်စုဗိုလ်နဲ့ အကြိုဗိုလ်လုပွဲကို တက်ရောက်သွားပါတယ်။

ယနေ့ပွဲဟာ အိမ်ရှင်လည်းဖြစ် လက်ရှိချန်ပီယံလည်းဖြစ်တဲ့ မြန်မာ့လက်ရွေးစင် အသင်းရဲ့ အုပ်စုတက်ရေး အဆုံးအဖြတ်ပွဲဖြစ်တာကြောင့် အနိုင်ရရှိရန် ကြိုးစားကစားသွားခဲ့ပါတယ်။ မြန်မာအသင်းဟာ အခုပွဲမှာ ဦးဆောင်ဂိုး စပေးလိုက်ရပေမယ့် ပထမပွဲထက် ကစားပုံပိုကောင်းခဲ့သလို အနိုင်ရရှိအောင်လည်း စွမ်းဆောင်နိုင်ခဲ့ပါတယ်။ မြန်မာအသင်း အင်ဒိုနီးရှားကို အနိုင်ရရှိခဲ့ရာမှာ အထူးတန်းပွဲကြည့်စင်ထက် အိုးစည်ဗုံမောင်းများနဲ့ တစ်ခဲနက် အားပေးခဲ့ကြောင်း ပရိသတ်တို့ရဲ့ အားကလည်း တစ်ထောင့်တစ်နေရာကနေ ပါဝင်ခဲ့ပါတယ်။

အကြိုဗိုလ်လုပွဲတက်ရောက်

မြန်မာအသင်းနဲ့ အင်ဒိုနီးရှားအသင်းတို့ဟာ လာမယ့် ဒီဇင်ဘာလမှာ ကျင်းပမယ့် အာဆီယံဆုဇူကီးဖလားပြိုင်ပွဲ အကြိုတွေ့ဆုံကြတာဖြစ်ပြီး အဲဒီပြိုင်ပွဲကျရင်တော့ မြန်မာအသင်းဟာ အင်ဒိုနီးရှားမြေမှာ ကစားရမှာဖြစ်ပါတယ်။ ကိုယ့်မြေ၊ ကိုယ့်ပရိသတ်ရှေ့မှောက်မှာ အနိုင်ယူနိုင်ခဲ့တဲ့ မြန်မာအသင်းကတော့ အခုနှစ်အတွင်း ကျင်းပခဲ့တဲ့ အင်ဒိုနီးရှားလွတ်လပ်ရေးနေ့အထိမ်းအမှတ် ဘောလုံးပြိုင်ပွဲမှာ ဂိုးပြတ်ရှုံးနိမ့်ခဲ့တဲ့ ရှုံးကြွေးကို ပြန်ဆပ်နိုင်ခဲ့ပြီး အုပ်စုပထမနဲ့ အကြိုဗိုလ်လုပွဲကို တက်ရောက်ခွင့်ရခဲ့ပါတယ်။

တိုက်စစ်ဖွင့်ကစား

အုပ်စုတက်ရန် သေချာနေပြီဖြစ်တဲ့ အင်ဒိုနီးရှားအသင်းဟာ ပထမနေ့ပွဲက အကောင်းဆုံးဆုရခဲ့တဲ့ နံပါတ် ၁၅ အူတီနာ၊ နံပါတ် ၁၀ အလီယူဒင် အပါအဝင် အဓိက ကစားသမားအချို့ကို အနားပေးခဲ့ပါတယ်။ ဒါ့အပြင် ဘင်္ဂလားဒေ့ရှ်ကို နှစ်ဂိုးပြတ်နိုင်ခဲ့တဲ့ ပွဲတုန်းကလို အလယ်ကြောကနေ တွဲလုံးတွေနဲ့ ထိုးဖောက်တဲ့ ပုံစံနဲ့ မကစားဘဲ မြန်မာအသင်းကို ကစားပုံပြောင်းပြီး ရင်ဆိုင်ခဲ့ပါတယ်။ အိမ်ရှင်မြန်မာအသင်းကတော့ ပထမပွဲမှာ ကွင်းလယ်အလယ်လူနေရာမှာကစားခဲ့တဲ့ မျိုးမင်းထွန်းကို ဘယ်ခြမ်းထုတ်ပြီး အဲဒီနေရာမှာ ဇော်ထက်အောင်ကိုသုံးပြီး ကျန်တဲ့နေရာကတော့ အပြောင်းအလဲ မရှိခဲ့ပါဘူး။ အုပ်စုတက်ဖို့ အရေးကြီးနေတဲ့ မြန်မာအသင်းကတော့ ပွဲစကတည်းက တိုက်စစ်ဖွင့်ကစားခဲ့ပေမယ့် ရှေ့တန်းမှာ

"အခုပွဲဟာ ခက်ခဲတဲ့ ပွဲတစ်ပွဲပါ"
ဖလော်ပါ
(မြန်မာအသင်းနည်းပြ)

နားလည်မှုတွေလွဲနေလို့ အလုပ်မဖြစ်ခဲ့ပါဘူး။ ပွဲအစ ကိုးမိနစ်မှာ ရန်ပိုင်ထောင့်ဖြတ်ကန်သွင်းပေမယ့် ဘေးထွက်သွားခဲ့ပါတယ်။

နေရာစုံထိုးဖောက်

အင်ဒိုနီးရှားအသင်းဟာ တောင်ပံနှစ်ဖက်ကို အားပြုထိုးဖောက်ခဲ့ပါတယ်။ ဒါပေမယ့် အားထားရတဲ့ အူတီနာနဲ့ အလီယူဒင်တို့ မပါလို့ တိုက်စစ်အားပျော့နေခဲ့ပါတယ်။ ၃၈မိနစ်မှာတော့ အင်ဒိုနီးရှားအသင်း ဂိုးစရသွားပြီး ထောင့်ကန်ဘောမှ လျှံထွက်လာတဲ့ဘောလုံးကို နံပါတ် ၁၄ ဆိုရန်က အဝေးကနေ လှလှပပသွင်းယူသွားခဲ့တာဖြစ်ပါတယ်။ ဂိုးပေးလိုက်ရလို့ မြန်မာအသင်းတိုက်စစ်အား ပိုတင်လာပြီး နေရာစုံကနေ ထိုးဖောက်လာပါတယ်။ ဂိုးပေးရပြီး ခြောက်မိနစ်အကြာမှာ မြန်မာအသင်း ချေပဂိုးပြန်ရသွားပြီး ရာဇာဝင်းသိန်းရဲ့ ညာထောင့်ကန်ဘောကို တိုက်စစ်မှူးရန်ပိုင်က မြေမကျ သွင်းယူသွားတာဖြစ်ပါတယ်။ ချေပဂိုးသွင်းပြီး မကြာမီမှာပဲ ရန်ပိုင် ဘယ်ခြေချင်းဝတ်၌ ဒဏ်ရာရသွားပြီး ဒုတိယပိုင်းအစမှာ ကျော်သီဟနဲ့ လူစားလဲခဲ့ရပါတယ်။

ခြေစွမ်းပြ

မြန်မာအသင်းဟာ အုပ်စုပထမနေရာ ရဖို့အတွက် အင်ဒိုနီးရှားကို အနိုင်ရဖို့ ကြိုးစားလာပါတယ်။ မြန်မာအသင်းရဲ့ တိုက်စစ်ဟာ ရာဇာဝင်းသိန်းရဲ့ ညာခြမ်းကို အားပြုခဲ့ပြီး ရာဇာဝင်းသိန်းကလည်း

"မြန်မာအသင်း ကစားပုံ ကောင်းပါတယ်"
ကာယိုဒိုပူထရို
(အင်ဒိုနီးရှားလက်ထောက်နည်းပြ)

ခြေစွမ်းပြခဲ့လို့ အင်ဒိုနီးရှားနောက်တန်း အလုပ်ရှုပ်ခဲ့ရပါတယ်။ မိနစ် ၆၀မှာ အသင်းခေါင်းဆောင် စိုးမြတ်မင်း တစ်ကိုယ်တော် ဆွဲပြေးရာမှာ အင်ဒိုနီးရှား နောက်ခံလူ နံပါတ်-၂ မူဟာမက်ဂိုဘီ နောက်က ဖျက်ထုတ်ရာမှာ ကြမ်းတယ်ဆိုပြီး ကွင်းလယ်ဒိုင် မဟာပက်ချီရာအလီ (ထိုင်း)က တိုက်ရိုက်အနီကတ်နဲ့ ထုတ်ပယ်ခဲ့ပါတယ်။

ဟန့်တားနိုင်

အင်ဒိုနီးရှားအသင်းဟာ တစ်ယောက်လျော့သွားလို့ တိုက်စစ်ထက် ခံစစ်ကို အသားပေးကစားခဲ့ပါတယ်။ ၆၇မိနစ်မှာတော့ မြန်မာအသင်း အနိုင်ဂိုးရသွားပြီး ရာဇာဝင်းသိန်းရဲ့ ကန်သွင်းချက် အင်ဒိုနီးရှား ဂိုးသမားနဲ့ ထိထွက်လာတာကို ကျော်သီဟက ပိတ်သွင်းယူခဲ့တာဖြစ်ပါတယ်။ အဲဒီနောက်ပိုင်းမှာတော့ မြန်မာအသင်းဟာ မျိုးမင်းထွန်းနဲ့ စိုးမြတ်မင်းအစား ပိုင်စိုးနဲ့ အောင်ကျော်မိုးတို့ကို ထည့်ကာ အပြောင်းအလဲလုပ်ခဲ့ပြီး ပွဲပြီးခါနီးမှာ အင်ဒိုနီးရှားရဲ့ချေပဂိုးရရန် ကြိုးစားမှုတွေကိုလည်း ဟန့်တားသွားနိုင်ပါတယ်။

ချီးမြှင့်

ပွဲအပြီးမှာ အကောင်းဆုံးဆုရရှိတဲ့ ရာဇာဝင်းသိန်းကို International Beverages Trading Co.,Ltd. မှ ဒါရိုက်တာ ဦးဇော်ထိုက်က ဆုကြေး အမေရိကန်ဒေါ်လာ ၂၀၀ ချီးမြှင့်ခဲ့ပါတယ်။

(က)အုပ်စုပွဲစဉ်များ ပြီးဆုံးသွားပြီဖြစ်ပြီး လက်ရှိချန်ပီယံမြန်မာအသင်းက တစ်ပွဲနိုင်၊ တစ်ပွဲသရေ လေးမှတ်ဖြင့် အုပ်စု ပထမ၊ အင်ဒိုနီးရှားအသင်းက တစ်ပွဲနိုင်၊ တစ်ပွဲရှုံး သုံးမှတ်ဖြင့် အုပ်စု ဒုတိယရရှိပြီး အကြိုဗိုလ်လုပွဲကို တက်ရောက်သွားပါတယ်။ အိမ်ရှင်မြန်မာအသင်းကို သရေကစားပြီး အင်ဒိုနီးရှားကိုရှုံးနိမ့်ခဲ့တဲ့ ဘင်္ဂလားဒေ့ရှ်အသင်းကတော့ တစ်မှတ်သာရရှိပြီး အုပ်စုကထွက်ခဲ့ရပါတယ်။

ခက်ခဲတဲ့ပွဲ

အနိုင်ရရှိသွားသည့် မြန်မာအသင်းနည်းပြချုပ်မားကိုစ်အန်တိုနီယိုဖလော်ပါက "ဘင်္ဂလားဒေ့ရှ်နဲ့ပွဲမှာ ခြေစွမ်းမပြနိုင်ခဲ့တဲ့ အလယ်တန်း၊ တောင်ပံနဲ့အလယ်နေရာတွေကို ဒီပွဲမှာ ပြင်ဆင်ပြီး ကစားခဲ့ပါတယ်၊ အခုပွဲဟာ ခက်ခဲတဲ့ပွဲတစ်ပွဲဖြစ်ခဲ့ပေမယ့် ကျွန်တော်တို့ နိုင်ပွဲရယူပြီး အုပ်စုပထမနေရာ ရယူနိုင်ခဲ့ပါတယ်။ နောက်ပွဲရှိနေသေးတာရယ်၊ ဒဏ်ရာအနေအထားကလည်း ပိုနာလာလို့ ရန်ပိုင်ကို အနားပေးခဲ့တာပါ။ ကျွန်တော်တို့အသင်းဟာ ဒီပြိုင်ပွဲမှာ အောင်မြင်မှုရဖို့ တစ်ခုတည်းအတွက် လုပ်နေတာ မဟုတ်ပါဘူး၊ လာမယ့်အာဆီယံဆုဇူကီးပြိုင်ပွဲမှာ

ယနေ့ပွဲ အကောင်းဆုံးဘောလုံးသမားဆုရ ရာဇာဝင်းသိန်းအား ဆုနှင့်အတူ တွေ့ရစဉ်။ (မြန်မာ့အလင်း)

အောင်မြင်မှုရဖို့မှာ တစ်ခါတည်း ပြင်ဆင်နေတာပါ"လို့ ပြောကြားခဲ့ပါတယ်။

အကောင်းဆုံးပြင်ဆင်

အင်ဒိုနီးရှား လက်ထောက်နည်းပြ ကာယိုဒိုပူထရိုက "အခုပွဲရလဒ်ကို ကျေနပ်ပါတယ်။ မြန်မာအသင်းကစားပုံလည်းကောင်းပါတယ်။ အနီကတ်ပြသမှု အပါအဝင် ဒိုင်ရဲ့ ဆုံးဖြတ်ချက်အချို့ကို စိတ်ထဲက ဘဝင်မကျပေမယ့် ကျေနပ်ပါတယ်။ ကစားသမားအားလုံးကို သုံးသပ်ချင်လို့ အခုပွဲမှာ အမာခံအချို့ကို အနားပေးခဲ့ပါတယ်။ အကြိုဗိုလ်လုပွဲအတွက် အကောင်းဆုံး ပြင်ဆင်သွားမှာပါ"လို့ ပြောကြားခဲ့ပါကြောင်း။

ယနေ့ပွဲ

ညနေ ၃နာရီခွဲ

အုပ်စု(ခ)

အူလ်ဆန်ဟွန်ဒိုင်းအသင်း နှင့် ဗီယက်နမ် အိုလံပစ်အသင်း။

(မြန်မာ့အလင်း)

မြန်မာနှင့်အင်ဒိုနီးရှားအသင်းတို့ ဤသို့ အကြိတ်အနယ် ယှဉ်ပြိုင်ကစားခဲ့ကြသည်။ (မြန်မာ့အလင်း)

မန်ယူတို့ ငါးဂိုးပြတ်သွင်းပြီး နိုင်ပွဲရ အာဆင်နယ်တို့ အိမ်ကွင်းတွင်ရှုံးပွဲကြုံ

လန်ဒန် နိုဝင်ဘာ ၁၅

ပရီမီယာလိဂ်ပွဲစဉ်(၁၃)ကို နိုဝင်ဘာ ၁၆ ရက်၌ ဆက်လက်ယှဉ်ပြိုင်ရာ မန်ယူတို့ အိမ်ကွင်း၌ ငါးဂိုးပြတ်သွင်း အနိုင်ရခဲ့သလို လီဗာပူးတို့အဝေးကွင်း၌ ဘော်လ်တန်ကို နှစ်ဂိုးပြတ်ဖြင့်အနိုင်ကစားပြီး သုံးမှတ်အပြည့်ယူကာ အိမ်အပြန်မျက်နှာပန်းလှခဲ့သည်။

မန်ယူနှင့် စတုတ်

ခြေစွာသော တန်းတက်စတုတ်ကို အိုးထရက်ဖို့ဒ်၌ မန်ယူတို့ လူစုံထုတ်ကစားခဲ့သည်။ ဘာဘာတော့ဗ်၊ တီဗက်ဇ် တိုက်စစ်အတွဲကို စီရိုနယ်ဒို၊ ပတ်ဂျီဆန်၊ ဖလက်ချာနှင့် ကာရစ်တို့က ဝိုင်းရံပေးပြီး အုပ်စုဖွဲ့ထိုးဖောက်ကစားရာ ပွဲအစ သုံးမိနစ်၌ပင် အလွတ်တည်ကန်ဘောမှတစ်ဆင့် စီရိုနယ်ဒိုက မန်ယူအတွက် အဖွင့်ဂိုး သွင်းယူပေးခဲ့သည်။

ဖူလာဦးဆောင်သော စတုတ်တိုက်စစ်မှူးများက မန်ယူနောက်တန်းကို ထိထိရောက်ရောက် မကျော်ဖြတ်နိုင်ဘဲရှိနေရာ ၄၅ မိနစ်၌ စီရိုနယ်ဒို ဂိုးရှေ့သို့ ကန်တင်ပေးလိုက်သည့် ဘောလုံးကို ကာရစ်က ဘယ်ခြေဖြင့်သွင်းယူခဲ့သဖြင့် မန်ယူတို့ ပထမပိုင်း၌ နှစ်ဂိုးအသာဖြင့် ဦးဆောင်နိုင်ခဲ့သည်။

မန်ယူနှင့် စတုတ်တို့ပွဲတွင် မန်ယူအတွက် တတိယဂိုးကို တိုက်စစ်မှူး ဘာဘာတော့ဗ်(ယာ) ဤသို့ ကန်သွင်းယူခဲ့သည်။
(အင်တာနက်ဓာတ်ပုံ)

မန်ယူတို့ ဆက်တိုက်ဖိကစားရာ ၄၉မိနစ်၌ တီဗက်ဇ်ဖြတ်ပေးလိုက်သည့် ဘောလုံးကို ဘာဘာတော့ဗ် စတုတ်ဂိုး ဧရိယာအတွင်းမှ အနီးကပ်သွင်းယူခဲ့သဖြင့် မန်ယူတို့ တတိယဂိုး ရရှိခဲ့သည်။ စတုတ်တို့ မည်သို့မျှ ချေပဂိုး မသွင်းနိုင်ဘဲရှိနေရာ ၈၄မိနစ်၌ ဝယ်လ်ဘတ်က တစ်ဂိုး၊ ၈၉မိနစ်၌ စီရိုနယ်ဒိုက အလွတ်တည်ကန်ဘောမှ တစ်ဆင့် တစ်ဂိုးထပ်မံသွင်းယူခဲ့သဖြင့် မန်ယူတို့ ငါးဂိုးပြတ်ဖြင့် နိုင်ပွဲရရှိခဲ့ခြင်းဖြစ်သည်။

အာဆင်နယ်နှင့် ဗီလာ

အာဆင်နယ်တို့ အိမ်ကွင်း၌ ဘောလုံးပိုင်ဆိုင်မှုများများဖြင့် ကစားနိုင်ခဲ့သော်လည်း ဗီလာတို့က ဂိုးသွင်းခွင့် အခွင့်အရေး ပိုမိုရရှိခဲ့သည်။ မိနစ် ၂၀၌ ဗီလာတို့ ပယ်နယ်တီ ရရှိသော်လည်း ကွင်းလယ်ကစားသမား အက်ရှ်လေယန်း ဂိုးဝင်အောင် မကန်သွင်းနိုင်ခဲ့ချေ၊ သို့သော် ပွဲချိန်မိနစ် ၂၀၌ အာဆင်နယ် နောက်ခံလူ ကလစ်ချီ ဘောလုံးရှင်းထုတ်ရင်း ဂိုးဝင်သွားသဖြင့် ဗီလာတို့ တစ်ဂိုးရရှိခဲ့သည်။ အာဆင်နယ်တို့ ချေပဂိုးရရှိရေး အပြင်းအထန် ကြိုးစားသော်လည်း ၈၂မိနစ်၌ အက်စတွန်ဗီလာ တိုက်စစ်မှူးအဘွန်လဟောက တစ်ဂိုးသွင်းယူခဲ့သဖြင့် အာဆင်နယ်တို့ အိမ်ကွင်း ပရိသတ်ရှေ့၌ နှစ်ဂိုးပြတ် ရှုံးနိမ့်ခဲ့ရခြင်းဖြစ်သည်။

ဘော်လ်တန်နှင့် လီဗာပူး

အိမ်ရှင်ဘော်လ်တန်တို့ ဂိုးသွင်းခွင့်များရရှိခဲ့သော်လည်း တိုက်စစ်မှူးများဖြစ်သည့် ဒေးဗစ်နှင့် တေလာတို့ ဆန္ဒစောနေမှုကြောင့် အခွင့်အရေးများ ဆုံးရှုံးခဲ့ရခြင်းဖြစ်သည်။ ဒရက်ကွတ်၊ ဂျရတ်၊ ရော်ဘီကိန်းနှင့် မာရှေယာနိုတို့ကိုအမာခံထားပြီး ပွဲထွက်လာသော လီဗာပူးတို့ ဘောလုံးပိုင်ဆိုင်မှုများများဖြင့် ဘော်လ်တန်အသင်းဘက်သို့ ထိုးဖောက် ကစားနိုင်ခဲ့သည်။

ခေါင်းတိုက်သွင်းယူ

လီဗာပူးအသင်း ၁၆ကြိမ်ဂိုးသွင်းခွင့် အခွင့်အရေးရပြီး အပိုင်ကန်သွင်းခွင့် လေးကြိမ်ရရှိခဲ့သည်။ ဘော်လ်တန်အသင်းမှ နိုလန်၊ မက်ကင်း၊ အီလ်မင်ဒါ၊ တေလာနှင့် ဒေးဗစ်တို့က လီဗာပူးနောက်တန်းကို အကြိမ်ကြိမ် ထိုးဖောက်ကစားနိုင်ခဲ့ရာ ၁၄ကြိမ် ဂိုးသွင်းခွင့်ရရှိပြီး အပိုင်ကန်သွင်းခွင့် ခြောက်ကြိမ်ရရှိခဲ့သည်။ သို့သော်လည်း လီဗာပူး ဂိုးသမား ရေးနာ လက်စွမ်းပြနိုင်ခဲ့သဖြင့် ဘော်လ်တန်တို့ ချေပဂိုးမရရှိခဲ့ခြင်း ဖြစ်သည်။

လီဗာပူးတို့ အဖွင့်ဂိုးသွင်းယူနိုင်ရေး ဖိကစားခဲ့ရာ ပွဲချိန် ၂၈မိနစ်၌ အော်ရယ်လီရိ ကန်တင်ပေးလိုက်သည့် ဘယ်ထောင့်ကန်ဘောမှတစ်ဆင့် တိုက်စစ်မှူး ဒရက်ကွတ်က ဘော်လ်တန်ဂိုးဧရိယာအတွင်းမှ ခေါင်းတိုက်သွင်းယူခဲ့သဖြင့် ဂိုးစတင်ရရှိခဲ့ခြင်းဖြစ်သည်။

အိမ်ရှင်ဘော်လ်တန်တို့ ချေပဂိုးရရှိရေး အဝင်အထွက်ရဲရဲဖြင့် ကစားခဲ့သော်လည်း ဂိုးမသွင်းနိုင်ဘဲဖြစ်နေရာ ၇၃မိနစ်၌ တောရက်စ် ဂိုးရှေ့ဖြတ်တင်ပေးလိုက်သည့် ဘောလုံးကို ဂျရတ်ခေါင်းတိုက်သွင်းယူခဲ့သဖြင့် လီဗာပူးတို့ ဒုတိယဂိုးရရှိခဲ့ပြီး နှစ်ဂိုးပြတ်ဖြင့် နိုင်ပွဲရရှိခဲ့ခြင်းဖြစ်သည်။

— — — — — — — — —

အခြားပွဲရလဒ်များ

ဘလက်ဘန်း	၁ - ၂	ဆန်းဒါးလန်း	
ဖူလ်ဟမ်	၂ - ၁	စပါး	
နယူးကာဆယ်	၂ - ၂	ဝီဂန်	
ဝက်စ်ဟမ်း	၀ - ၀	ပို့စ်မောက်	(အင်တာနက်)

ဖောင် ပိတ် အား က စား သ တင်း - မောင် ချစ် ကြည်

မင်္ဂလာညှော်ခံပွဲကျေးဇူးတင်လွှာ

အမရပူရမြို့နေ (ဦးအုန်းဖေ)-ဒေါ်ဖွားမေ၊ တောင်ငူမြို့နေ
(ဦးအုန်းမောင်)-ဒေါ်သန်းရီတို့၏မြေး
ရန်ကုန်မြို့နေ အရာခံဗိုလ်အောင်ကြည်(နည်းပြ)-ဒေါ်လှငွေးရီ(အထက၊ ရဲမွန်)တို့၏
တစ်ဦးတည်းသောသား

ဗိုလ်ကြီးကျော်မြင့်သူ B.C.Sc, M.C.Sc,(DSA)

တပ်မတော်(ရေ)

နှင့်

ရန်ကုန်မြို့နေ ဦးဝင်းမောင်-(ဒေါ်ဖြူဖြူ)၊
(ဦးအောင်ချို)-ဒေါ်အေးရှင်တို့၏မြေး၊ ဦးအောင်ဝင်း-ဒေါ်မူမူချို
(နဂါးမင်း ဒန်သတ္တုလုပ်ငန်းနှင့် ပပအောင် ကော်ဖီလုပ်ငန်း)တို့၏ သမီးကြီး

မဝင်းပပမိုး B.C.Sc,(UCSY)

တို့၏ ၁၈-၁၀-၂၀၀၈ရက်တွင် သဃ်န်းကျွန်းနေအိမ်၌ မင်္ဂလာမော်ကွန်းတင် လက်မှတ်ရေးထိုးပေးပါသော သဃ်န်းကျွန်းမြို့နယ်တရားရုံး ဒုတိယမြို့နယ်တရားသူကြီး ဒေါ်သီတာမျိုးသန့်အား လည်းကောင်း၊ ၅-၁၁-၂၀၀၈ရက်တွင် စွန်းလွန်းဂူဝိပဿနာကျောင်း၌ ကပ်လှူခဲ့သော မင်္ဂလာဆွမ်းကျွေးသို့ ကြွရောက်ပေးပါသော ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ ၁၂-၁၁-၂၀၀၈ရက်တွင် Yuzana Garden Hotel ၌ ကျင်းပပြုလုပ်ခဲ့သော မင်္ဂလာညှော်ခံပွဲတွင် ကြွရောက်ချီးမြှင့်ပေးပါသော စစ်ဘက်နယ်ဘက်မှ အရာရှိကြီးများနှင့် ဆွေမျိုးမိတ်သင်္ဂဟများ၊ မင်္ဂလာအောင်စံပယ်ပန်းကုံးနှင့် မင်္ဂလာလက်ထပ်လက်စွပ် ဆင်မြန်းပေးပါသော ဗိုလ်မှူးချုပ်မော်သိန်း(ငြိမ်း)နှင့် ဇနီးဒေါ်ခင်သီတာဦး၊ မင်္ဂလာ အခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပေးပါသော ဦးကျော်စိုးဦး၊ မင်္ဂလာအခါတော်ပေး သီဆိုပေးပါသော တေးသံရှင် ဒေါ်နှင်းရည်သန့်၊ The Aces တေးဂီတအဖွဲ့နှင့် တေးသံရှင်များ၊ မင်္ဂလာပန်းကြဲပေးပါသော မချိုဇင်ဝင်း၊ မင်္ဂလာအောင်စံပယ်ပန်းကုံးနှင့် မင်္ဂလာလက်ထပ်လက်စွပ် ဗန်းကိုင်ပေးပါသော မဖူးအိခင်နှင့် မပြည့်မူးအိမ်၊ မင်္ဂလာသတို့သားအရံ ဗိုလ်ကြီးဖြိုးစည်သူဝင်း၊ မင်္ဂလာသတို့သမီးအရံ မဖြိုးကေခိုင်၊ သတို့သမီးဝတ်စုံ မဇူးဇူး (ZuZu Collection)၊ မိတ်ကပ်နှင့် ဆံပင်အလှပြင်ပေးပါသော စိုးစိုးနှင့်အဖွဲ့၊ ဓာတ်ပုံနှင့် ဗီဒီယိုမှတ်တမ်းတင်ပေးပါသော ဝဏ္ဏခွာနီး၊ ပန်းအလှပြင်ပေးပါသော ကိုဆွေ၊ နီနီ(ပွိုင့်)၊ Yuzana Garden Hotel မှ မန်နေဂျာနှင့် ဝန်ထမ်းများ၊ ကိုယ်တိုင် မကြွရောက်နိုင်သော်လည်း မင်္ဂလာလက်ဖွဲ့များပေးပို့ချီးမြှင့်ကြသည့် ရပ်နီးရပ်ဝေးမှဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အားလည်းကောင်း၊ မင်္ဂလာညှော်ခံပွဲအောင်မြင်စွာပြီးမြောက်ရေးအတွက် အဘက်ဘက်မှဝိုင်းဝန်းကူညီပေးသော ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အားလည်းကောင်း လှိုက်လှဲစွာ ကျေးဇူးဥပကာရတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
ဗိုလ်ကြီးကျော်မြင့်သူ-မဝင်းပပမိုး။

အလက(၃)စမ်းချောင်း မြတ်ဆရာပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် နိုဝင်ဘာ ၁၅

ရန်ကုန် အနောက်ပိုင်းခရိုင် စမ်းချောင်းမြို့နယ် အလက(၃) စမ်းချောင်း (ယခင် ကွက်သစ် အလယ်တန်းကျောင်း) ကျောင်းသားကျောင်းသူဟောင်းများ၏ (၃၂)ကြိမ်မြောက် မြတ်ဆရာပူဇော် ကန်တော့ပွဲကို နိုဝင်ဘာ ၂၂ရက် (အမျိုးသားနေ့) နံနက် ၁၁နာရီတွင် ယခင် ကွက်သစ် အလယ်တန်းကျောင်း၌ ကျင်းပမည်ဖြစ်ရာ ကျောင်းသားကျောင်းသူဟောင်းများ မပျက်မကွက် တက်ရောက်ကြပါရန်နှင့် အလှူငွေများကို ဦးဗိုလ်ထွန်း ဖုန်း-၅၃၄၄၃၄၊ ဦးနေဝင်း ဖုန်း-၅၄၁၉၆ါ နှင့် ဦးချစ်ဆွေ ဖုန်း-၅၃၆၉၅၁ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (၁၀၃)

ဆိုင်ကလုန်းမုန်တိုင်း ကုန်းတွင်းမုန်တိုင်းအဖြစ် အနောက်မြောက်ဘက်သို့ ဆက်လက်ရွေ့လျားမည်

နေပြည်တော် နိုဝင်ဘာ ၁၅

ယနေ့မြန်မာစံတော်ချိန် ညနေ ၃နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်တောင်ပိုင်းတွင် ဖြစ်ပေါ်ခဲ့သော ဆိုင်ကလုန်းမုန်တိုင်း(ခိုင်မော့ခ်)သည် အိန္ဒိယသမ္မတနိုင်ငံ အင်ဒရာပရာဒက်ရှ်ကမ်းခြေကို မာချီလီပတ္တနမ်မြို့အနီးမှ ဖြတ်ကျော်ဝင်ရောက်ခဲ့ပြီး ကုန်းတွင်းမုန်တိုင်းအဖြစ် အနောက်မြောက်ဘက်သို့ ဆက်လက်ရွေ့လျားမည်ဟုခန့်မှန်းထားကြောင်း မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ သတင်းထုတ်ပြန်ထားသည်။ (သတင်းစဉ်)

ကိုရီးယားဘောလုံးအဖွဲ့ချုပ်မှ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်သို့ ဘောလုံးများလှူဒါန်း

ရန်ကုန် နိုဝင်ဘာ ၁၅

မြန်မာ့ဘောလုံးလောကဖွံ့ဖြိုးတိုးတက်ရေးတွင် အထောက်အကူပြုစေရန် ကိုရီးယားဘောလုံးအဖွဲ့ချုပ်မှ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်သို့ ဘောလုံးများ ပေးအပ်လှူဒါန်းပွဲအခမ်းအနားကို ယမန်နေ့ညနေ ၃နာရီက သုဝဏ္ဏရှိ အမျိုးသားဘောလုံးလေ့ကျင့်ရေးစခန်း၌ကျင်းပရာ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး အားကစားနှင့်ကာယပညာဦးစီးဌာနညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်၊ အထွေထွေအတွင်းရေးမှူး ဦးတင်အောင်နှင့်အမှုဆောင်များ၊ ကိုရီးယားဘောလုံးအဖွဲ့ချုပ်မှ Director General Mr. Seung Hwan Ko နှင့် တာဝန်ရှိသူများ၊ ဖိတ်ကြားထားသောဧည့်သည်တော်များ တက်ရောက်ကြသည်။

ပေးအပ်လှူဒါန်း

အခမ်းအနားတွင် ရှေးဦးစွာ ကိုရီးယားဘောလုံးအဖွဲ့ချုပ် (KFA) Director General Mr. Seung Hwan Ko က နှုတ်ခွန်းဆက်စကားပြောကြားပြီး မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးဇော်ဇော်ထံ ဘောလုံးအလုံး ၂၀၀၀ကို ပေးအပ်လှူဒါန်းသည်။ **(အောက်ပုံ)**

ထို့နောက် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးဇော်ဇော်က ကျေးဇူးတင်စကားပြောကြားသည်။ **(မြန်မာ့အလင်း)**

ဗလငါးတန် ဖွံ့ဖြိုးဖို့ စာအုပ်စာပေ လေ့လာစို့

Mandalay FM အချိန်တိုးချဲ့ထုတ်လွှင့်မည်

ရန်ကုန် နိုဝင်ဘာ ၁၅

Mandalay FM ရေဒီယိုကို ၂၀၀၈ခုနှစ် ဧပြီ ၃ရက်မှ စတင်စမ်းသပ်ထုတ်လွှင့်ခဲ့ပြီး စမ်းသပ်ထုတ်လွှင့်စဉ်ကာလတွင် ငါးနာရီစာ အစီအစဉ်များကို ထုတ်လုပ်၍ နေ့စဉ်နံနက် ၅နာရီခွဲမှ ည ၈နာရီခွဲအထိ တစ်နေ့လျှင် ၁၅နာရီကြာ ထုတ်လွှင့်လျက်ရှိကြောင်း သိရသည်။

ရသစုံလင်စွာ

စမ်းသပ်ထုတ်လွှင့်ချိန်များအတွင်း အစီအစဉ်များကောင်းမွန်ရေးကို အထူးဦးစားပေးဆောင်ရွက်ခဲ့ပြီး စီးပွားရေးကြော်ငြာများကို ထည့်သွင်းခြင်း မပြုလုပ်နိုင်ခဲ့ကြောင်း၊ ယခုအခါ Mandalay FM ရေဒီယိုအသံထုတ်လွှင့်မှုအချိန်ကို နိုဝင်ဘာ ၁၈ရက်မှစ၍ နံနက် ၅နာရီမှ ည၁၁နာရီအထိ နေ့စဉ် ၁၈နာရီဆက်တိုက် ထုတ်လွှင့်သွားမည်ဖြစ်ကြောင်း၊ ၁၈နာရီစာ အစီအစဉ်များတွင် နားဆင်သူများအား ရသစုံလင်စွာ တင်ဆက်နိုင်ရေးအတွက် တစ်နာရီစာ ထုတ်လွှင့်မှုအစီအစဉ်တိုင်းတွင် သတင်းအချက်အလက်များဖြစ်သော အားကစားသတင်း၊ နိုင်ငံတကာသတင်း၊ ဒေသဆိုင်ရာသတင်းများ၊ စကားပြောအစီအစဉ်များအဖြစ် တွေ့ဆုံမေးမြန်းခြင်းများ၊ ဗဟုသုတဖြစ်ဖွယ်အကြောင်းအရာများနှင့် ကလေးများအတွက် သီးခြားအစီအစဉ်များအပြင် တေးသီချင်းထုတ်လွှင့်မှုများတွင် ရိုးရာတေးသီချင်းများ၊ ခေတ်ပေါ်တေးသီချင်းများ၊ နိုင်ငံတကာ သီချင်းများနှင့် နောက်ဆုံးပေါ်တေးသီချင်းများကို အချိုးမျှတစွာ ထည့်သွင်းစီစဉ်ထားကြောင်း သိရသည်။

ရသမပျက်

ထို့အပြင် ၁၈နာရီ အစီအစဉ်များ စတင်ထုတ်လွှင့်ချိန်တွင် စီးပွားရေးကြော်ငြာများကို နားဆင်သူများ ရသမပျက်စေရန် ဦးစားပေး၍ အချိုးကျကျကန့်သတ် လက်ခံထည့်သွင်းသွားမည်ဖြစ်ရာ ယင်းသို့ ထည့်သွင်းရာ၌ ကြော်ငြာများ ပိုမိုထိရောက်စေရန်နှင့် နားဆင်သူများ သတိပြုမှတ်မိနေစေရန် အလေးထား၍ စဉ်းစားစီစဉ်ဆောင်ရွက်ထားခြင်းကြောင့် ကြော်ငြာရှင်များအတွက် ပိုမိုအကျိုးရှိမည့်အပြင် Mandalay FM ပရိသတ်များအတွက်လည်း ရသမပျက် စွဲမက်နားဆင်နိုင်မည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဂုဏ်ပြုပူဇော်ပွဲ

ရန်ကုန် နိုဝင်ဘာ ၁၅

ဆရာကြီးဦးစိန်တင်အား ဂုဏ်ပြုပွဲကို နိုဝင်ဘာ၂၂ရက်(စနေနေ့) ညနေ ၃နာရီတွင် ရန်ကုန်မြို့ တာမွေမြို့နယ်ရှိ မဟာသန္တိသုခကျောင်းတော်ကြီး၌ ကျင်းပမည်ဖြစ်ရာ ပါဝင်ဂုဏ်ပြုပူဇော်နိုင်ရန် ဖိတ်ကြားနှိုးဆော်ထားသည်။ အသေးစိတ် အချက်အလက်များ သိရှိလိုပါက ဦးကြည်မင်း ဖုန်း-၅၃၅၂၅၁၊ ၅၂၆၂၇၆၊ ဦးကျော်ခင်မြင့် ဖုန်း-၃၇၂၄၆၇၊ ၂၄၆၀၇၇၊ ဦးစံမြင့် ဖုန်း- ၅၆၅၂၉၂၊ ဒေါက်တာလှထွန်း ဖုန်း-၀၉-၅၀-၁၄၀၄၀၊ ၂၅၁၄၈၉၊ ဦးအောင်ဝင်း ဖုန်း-၃၈၅၁၂၇၊ ၃၈၀၁၇၈၊ ဦးစိုးဝင်း ဖုန်း-၂၄၂၇၅၁ (စန္ဒီပုံနှိပ်တိုက်)၊ ဦးမောင်သိန်း ဖုန်း-၀၉-၅၀-၄၀၇၃၃ တို့သို့ မေးမြန်းနိုင်ကြောင်း သိရသည်။

(မြန်မာ့အလင်း)

လုပ်ငန်းစွမ်းဆောင်ရည် မြှင့်တင်ရေး သင်တန်းဆင်း

မကွေး နိုဝင်ဘာ ၁၁

မကွေးတိုင်း မကွေးခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနက ကြီးမှူးဖွင့်လှစ်သည့် လုပ်ငန်းခွင်စွမ်းဆောင်ရည် မြှင့်တင်ရေးသင်တန်း(၁/၂၀၀၈) သင်တန်းဆင်းပွဲအခမ်းအနားကို အောက်တိုဘာ ၂၆ရက် ညနေ ၄နာရီက မကွေးတိုင်းခရိုင်ရုံး စာကြည့်တိုက်ခန်းမ၌ ကျင်းပသည်။

ချီးမြှင့်

အခမ်းအနားတွင် တိုင်း ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးဝေလင်းက သင်တန်းဆင်းအမှာစကား ပြောကြားပြီး **(အပေါ်ပုံ)** သင်တန်းထူးချွန်သူများအား တာဝန်ရှိသူများက ဆုများချီးမြှင့်ပေးအပ်သည်။

သင်တန်းကို မကွေးခရိုင်ရုံး လက်အောက်ခံ မကွေး၊ ရေနံချောင်း၊ ချောက်၊ မြို့သစ်၊ နတ်မောက်နှင့် တောင်တွင်းကြီး မြို့နယ်ရုံးများမှ သင်တန်းသားသင်တန်းသူ ၁၀ဦး တက်ရောက်ခဲ့ပြီး သင်တန်းကာလမှာ ရက်သတ္တတစ်ပတ်ကြာ ဖွင့်လှစ်ပို့ချကြောင်း သိရသည်။

(တိုင်း ပြန်/ဆက်)

မြို့နယ်ပေါင်းစုံ ကာယဗလမောင်နှင့် အလှမယ်ပြိုင်ပွဲ ကော့သောင်း၌ကျင်းပ

ကော့သောင်း နိုဝင်ဘာ ၁၀

တနင်္သာရီတိုင်း မြို့နယ်ပေါင်းစုံ ကာယဗလမောင်နှင့် ကာယအလှမယ်ပြိုင်ပွဲကို အောက်တိုဘာ ၂၂ရက်နှင့် ၂၃ရက်တို့က ကော့သောင်းမြို့ မဇ္ဈိမသာကခန်းမ၌ ကျင်းပသည်။

ဖွင့်လှစ်ပေး

ဖွင့်ပွဲအခမ်းအနားကို နယ်မြေခံတပ်နယ်မှ ဒုတိယဗိုလ်မှူးကြီးဉာဏ်နိုင်၊ တနင်္သာရီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်(၂) ဦးသာဒိုး၊ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအုံ့မော်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

ပြိုင်ပွဲတွင် ကာယဗလမောင်(အကြီးတန်း)ပြိုင်ပွဲတွင် ပထမ နိုင်ဝင်းထွန်း(ကော့သောင်း)၊ ဒုတိယ အောင်ကိုထွေး (ကော့သောင်း)၊ တတိယ သစ်ထွန်းဦး(မြိတ်) နှင့် ကာယဗလမောင်(အငယ်တန်း) ပြိုင်ပွဲတွင် ပထမ ရန်အောင်(ထားဝယ်)၊ ဒုတိယ ငွေးဇော်ငြိမ်း(ကော့သောင်း)နှင့် တတိယ ယဉ်မျိုးဇော်(မြိတ်)တို့ ရရှိကြသည်။

ဆုချီးမြှင့်

ကာယအလှမယ်ပြိုင်ပွဲတွင် ပထမဆုရ မခိုင်ခိုင်ထွေး(ပုလောမြို့နယ်)အား ဒုတိယဗိုလ်မှူးကြီးဉာဏ်နိုင်၏ဇနီး ဒေါ်စန္ဒာထွန်းက ဆုချီးမြှင့်ပြီး **(အပေါ်ယာပုံ)** ဒုတိယ မဟေမာကျော်(ကော့သောင်း)နှင့် တတိယ မရှာလီဖြိုး(မြိတ်)တို့ရရှိပြီး တာဝန်ရှိသူများက ဆုများ ပေးအပ်ချီးမြှင့်ကြသည်။

(ခရိုင် ပြန်/ဆက်)

ထွေ/အုပ်ဦးစီးဌာနနှစ်ပတ်လည်နေ့ ရွှေတောင်မြို့နယ်၌ ကျင်းပ

ရွှေတောင် နိုဝင်ဘာ ၁၂

ပြည်ထဲရေးဝန်ကြီးဌာန အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန နှစ်ပတ်လည်နေ့ အခမ်းအနားကို နိုဝင်ဘာ ၇ရက်က ရွှေတောင်မြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြင့်လွင်က အမှာစကားပြောကြားပြီး နှစ်ပတ်လည်နေ့ အထိမ်းအမှတ်အဖြစ် ဝန်ထမ်း ၇၃ဦးအား ငွေကျပ် ၅၀၀၀တန် အားကစားအနွေးထည်တစ်ထည်စီ လက်ဆောင်ချီးမြှင့်ပေးအပ်ခဲ့သည်။ **(အောက်ပုံ)**

(မြို့နယ် ပြန်/ဆက်)

ရွှေဘိုမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ (၁၀)ကြိမ်မြောက် ထောက်ပံ့ကြေးပေးအပ်

ရွှေဘို နိုဝင်ဘာ ၁၂

ရွှေဘိုမြို့နယ် စစ်မှုထမ်းဟောင်း စည်းရုံးရေးကော်မတီမှ အဖွဲ့ဝင်များနှင့် အဖွဲ့ဝင်များ၏ ပညာသင်ဆဲ သားသမီးများအား ထောက်ပံ့ကြေးပေးအပ်ပွဲ အခမ်းအနားကို နိုဝင်ဘာ ၅ရက် နံနက် ၁၀နာရီက အဖွဲ့ရုံးခန်းမ၌ကျင်းပရာ အဖွဲ့ဥက္ကဋ္ဌ ဗိုလ်မှူးအောင်မင်း(ငြိမ်း)က ထောက်ပံ့ကြေးပေးအပ်ခြင်းအကြောင်း ရှင်းလင်းပြောကြားပြီး ထောက်ပံ့ကြေးငွေများ ပေးအပ်ခဲ့သည်။

ထောက်ပံ့ကြေးငွေများမှာ မော်ကွန်းဝင်လေးဦးအတွက်တစ်ဦးလျှင်ကျပ်၁၀၀၀၀နှုန်း၊ မသန်စွမ်း ၂၈ဦးအတွက်တစ်ဦးလျှင် ကျပ် ၈၀၀၀နှုန်း၊ အသက် ၇၅နှစ်နှင့် အထက် ၂၉ဦးအတွက် တစ်ဦးလျှင် ကျပ် ၇၀၀၀ နှုန်း၊ အသက် ၇၀နှင့်အထက် ၃၁ဦးအတွက် တစ်ဦးလျှင် ကျပ် ၆၀၀၀နှုန်း၊ မူလတန်း ၄၄ ဦးအတွက် တစ်ဦးလျှင် ကျပ်၃၀၀၀နှုန်း၊ အလယ်တန်း ၄၄ဦးအတွက် တစ်ဦးလျှင် ကျပ် ၄၀၀၀နှုန်း၊ အထက်တန်း၃၈ဦး အတွက် တစ်ဦးလျှင် ကျပ် ၅၀၀၀နှုန်း၊ တက္ကသိုလ်ဝင်တန်း ၂၀အတွက် တစ်ဦးလျှင် ကျပ် ၆၀၀၀နှုန်းနှင့် အဝေးသင် ၁၀ဦး အတွက် တစ်ဦးလျှင် ကျပ် ၅၀၀၀နှုန်းဖြင့် ပေးအပ်သည်။

(ခရိုင် ပြန်/ဆက်)

စဉ့်ကူး အထက်တန်းကျောင်း ပထမအကြိမ် မြတ်ဆရာပူဇော်

စဉ့်ကူး နိုဝင်ဘာ ၅

စဉ့်ကူးမြို့ အခြေခံပညာ အထက်တန်းကျောင်း မြတ်ဆရာ ပူဇော်ပွဲ ဖြစ်မြောက်ရေးကော်မတီက ကြီးမှူး ကျင်းပသော (ပထမ)အကြိမ် မြတ်ဆရာပူဇော်ပွဲကို အောက်တိုဘာ ၇ ရက် နံနက် ၉ နာရီက အဆိုပါကျောင်း၌ ကျင်းပရာ ပူဇော်ခံ ဆရာကြီး ဆရာမကြီး ၇၉ဦးတို့အား တပည့်ကျောင်းသား ကျောင်းသူဟောင်းများက ကန်တော့ ပစ္စည်းများဖြင့် ကန်တော့ကြသည်။

(မြို့နယ် ပြန်/ဆက်)

ကြက်ငှက်တုပ်ကွေး ကာကွယ်ထိန်းချုပ်မှု လူထုအသိပညာ မြှင့်တင်ရေးသင်တန်းဖွင့်

သံဖြူဇရပ် နိုဝင်ဘာ ၁၀

ကြက်ငှက်တုပ်ကွေးရောဂါ ကာကွယ်ထိန်းချုပ်မှုဆိုင်ရာ လူထုအသိပညာမြှင့်တင်ရေး ဖွံ့ဖြိုးရေးလုပ်သားများ ဆင့်ပွားသင်တန်းကို အောက်တိုဘာ ၂၂ရက် နံနက် ၉ နာရီက သံဖြူဇရပ်မြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနရုံး သင်တန်းခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် သံဖြူဇရပ်မြို့နယ် ဥက္ကဋ္ဌ ဦးမောင်မောင်က သင်တန်းဖွင့် အမှာစကားပြောကြားပြီး မွန်ပြည်နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ပြည်နယ် ဦးစီးဌာနမှူး ဒေါက်တာခင်ဇော်က သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်ကိုပြောကြားသည်။ **(အပေါ်ပုံ)**

ပစ္စည်းများပေးအပ်

ဆက်လက်၍ မြို့နယ်ဥက္ကဋ္ဌ ဦးမောင်မောင်က သင်တန်း ခေါင်းဆောင်အား သင်တန်းဆိုင်ရာ အထောက်အကူပြုပစ္စည်းများကို ပေးအပ်သည်။ ယခုဖွင့်လှစ်သည့် သင်တန်းသို့ သံဖြူဇရပ်မြို့နယ်အတွင်းမှ သင်တန်းသား သင်တန်းသူ၂၀ တက်ရောက်ကြကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

စာကြည့်တိုက် ရေရှည်တည်တံ့ခိုင်မြဲရေး ကျေးလက်စာကြည့်တိုက်ပညာ ဆင့်ပွားသင်တန်းဆင်း

ဗန်းမော် နိုဝင်ဘာ ၁၀

ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် စာကြည့်တိုက်မှူးကောင်းများ ပေါ်ထွန်းလာစေရန် ဗန်းမော်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီတို့ ပူးပေါင်းဖွင့်လှစ်သော စာကြည့်တိုက်ပညာ ဆင့်ပွားသင်တန်းအမှတ်စဉ်(၁/၂၀၀၈) သင်တန်းဆင်းပွဲကို နိုဝင်ဘာ ၆ရက် ညနေ ၃ နာရီက မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ပြောကြား

အခမ်းအနားတွင် မြို့နယ်ဥက္ကဋ္ဌ ဦးခင်မောင်အေးက သင်တန်းဆင်း အမှာစကားပြောကြားပြီး ခရိုင်ဦးစီးအရာရှိဦးဝင်းခင်က သင်တန်းဆင်းလက်မှတ်များ ပေးအပ်ရာ သင်တန်းသားခေါင်းဆောင် ဦးပီထုံအောင်က လက်ခံယူသည်။

လှူဒါန်း

ထို့နောက် သင်တန်းတွင် ထူးချွန်သူများအား တာဝန်ရှိသူများက ဂုဏ်ပြုဆုများချီးမြှင့်ပြီး ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များအတွက် ဌာနဆိုင်ရာများမှ သုတ၊ ရသစာအုပ်စာစောင်များ လှူဒါန်းခဲ့ကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

သုံးခွ မြို့နယ် စည်ပင်သာယာရေး အဖွဲ့ပိုင် ပျိုးဥယျာဉ် အတွင်း ရုံးဝန်ထမ်းများ စုပေါင်း၍ ပျိုးပင်များ ပျိုးထောင်ခြင်း၊ ပေါင်းနုတ်ခြင်းနှင့် ပျိုးအိတ်ထုပ်ခြင်း လုပ်ငန်းဆောင်ရွက်မှုကို အောက်တိုဘာ ၄ရက်က မြို့နယ် စည်ပင်သာယာရေး အဖွဲ့ အမှုဆောင်အရာရှိ ဦးအောင်ဘွား ကြီးကြပ်ပေးစဉ်။

(မြို့နယ်စည်ပင်)

နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲနှင့် ဟောပြောပွဲ ပန်းတနော်မြို့၌ဖွင့်

ပန်းတနော် နိုဝင်ဘာ ၈

ပန်းတနော်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူး၍ နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲ၊ စာအုပ်ပြပွဲနှင့် ဟောပြောပွဲအခမ်းအနားကို အောက်တိုဘာ ၁၀ရက်က အခြေခံပညာအလယ်တန်းကျောင်း ကုံကော်ဆောင်၌ကျင်းပရာ မြို့နယ်ဦးစီးမှူး ဒေါ်တင်တင်လှိုင်၊ ကျောင်းအုပ်ဆရာကြီး ဦးဖိုးလတ်ဝင်းနှင့် အရှေ့ပိုင်းရပ်ကွက်ဥက္ကဋ္ဌ ဦးကိုကိုလွင်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ **(အပေါ်ပုံ)**

ဟောပြော

အခမ်းအနားတွင် ကျောင်းအုပ်ဆရာကြီး ဦးဖိုးလတ်ဝင်းက အမှာစကားပြောကြားပြီး ခရိုင်ဦးစီးအရာရှိ ဒေါ်ငွေခင်က ရည်မှန်းချက်ရှိရမယ် ခေါင်းစဉ်ဖြင့်လည်းကောင်း၊ မြို့နယ်လက်ထောက်ဆရာဝန် ဒေါက်တာခင်ချိုမွန်က ဝမ်းပျက်ဝမ်းလျှောရောဂါ ခေါင်းစဉ်ဖြင့်လည်းကောင်း ဟောပြောကြကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

ယာဉ်မှတ်ပုံတင်မိတ္တူ လျှောက်ထားခြင်း

ယာဉ်အမှတ် လရ/၁၂၅၃၃ စကိုင်းဂိုး 110 မော်တော်ဆိုင်ကယ် ယာဉ်လက်ဝယ်ရှိသူ ဦးစိုင်းရွှေလု ၁၃/လရန(နိုင်)၀၇၉၃၁၇ က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ပြည်နယ်ရုံး(လားရှိုး)။

ယာဉ်မှတ်ပုံတင်မိတ္တူ လျှောက်ထားခြင်း

ယာဉ်အမှတ် လရ/၆၁၉၃ ကမ်ဘို 110 မော်တော်ဆိုင်ကယ် ယာဉ်လက်ဝယ်ရှိသူ ဦးချုံဟိုင်း ၁၃/လရန(နိုင်)၁၁၈၇၀၅က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။**ကညန၊ ပြည်နယ်ရုံး(လားရှိုး)။**

ယာဉ်မှတ်ပုံတင်ခွင့် လျှောက်ထားခြင်း

ယာဉ်အမှတ် ၁ယ/၆၅၁၉၅ Honda GL 100 ယာဉ်လက်ဝယ်ရှိသူ ဒေါ်ခင်ချိုဝင်း ၉/မရမ(နိုင်)၀၄၀၄၂၅က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း) မန္တလေးမြို့။

ကြော်ငြာစာ

မန္တလေးမြို့ အောင်မြေသာစံမြို့နယ် မဟာဇေယျာဘုံရပ်ကွက် အကွက်အမှတ်(၇၉၆)၊ ဦးပိုင်အမှတ်(၈)၊ ၆၂လမ်းနှင့် ၆၃လမ်းကြား၊ ၂၃လမ်းနှင့် ၂၄လမ်းကြား ကိုထွေးအမည်ပေါက် မြေကွက်အား ဦးစိုးသိန်း မှတ်ပုံတင်အမှတ် ၉/မနတ(နိုင်)၀၅၃၇၈၁က မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ သက်တမ်းတိုး၊ အမည်ပြောင်း၊ အမျိုးအစားပြောင်း၊ လိုင်စင်ပျောက်အမှုတွဲ ဖွင့်ခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ **ဌာနမှူး**

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ။

[illegible]

ဗန်းမော်ခရိုင်ဥက္ကဋ္ဌ ဝန်ထမ်းများနှင့်တွေ့ဆုံ

ရွှေကူ နိုဝင်ဘာ ၁၀

ဗန်းမော်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ခရိုင်အုပ်ချုပ်ရေးမှူး ဦးခင်မောင်မြင့်သည် အောက်တိုဘာ ၁၃ရက်က ရွှေကူမြို့နယ် မြို့လှမြို့သို့ သွားရောက်၍ မြို့တွင် တာဝန်ထမ်းဆောင်လျက်ရှိသော ဝန်ထမ်းများအား တွေ့ဆုံ၍ အမှာစကားပြောကြားပြီး ဖယောင်းတိုင်၊ ဆပ်ပြာ၊ အိမ်သုံးဆေးဝါး၊ ခေါက်ဆွဲခြောက်၊ ကော်ဖီစသည့်စားသောက်ဖွယ်ရာ လက်ဆောင်ပစ္စည်းများအား မြို့လှမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝင်းနိုင်သို့ ပေးအပ်ခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ) (၁၇၉)

အထက(၁) လမ်းမတော်(စိန့်ဂျွန်း) မြတ်ဆရာပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် နိုဝင်ဘာ ၁၅

အထက(၁) လမ်းမတော်(စိန့်ဂျွန်း) ၁၉၆၈-၁၉၈၄ ပညာသင်နှစ် ကျောင်းသားဟောင်းများ ကြီးမှူးကျင်းပသည့် စတုတ္ထအကြိမ် မြတ်ဆရာပူဇော်ပွဲ အခမ်းအနားကို ယခုနှစ် ဒီဇင်ဘာ ၂၅ရက်(ကြာသပတေးနေ့) နံနက် ၉နာရီတွင် ကျောင်းခန်းမဆောင်ကြီး၌ ကျင်းပမည် ဖြစ်သည်။

မြတ်ဆရာပူဇော်ပွဲသို့ လှူဒါန်းလိုသူများသည် ကိုမျိုးသိမ်း ဖုန်း-၀၉-၅၀-၀၂၂၅၄၊ ကိုသက်ဌေး ဖုန်း-၀၉-၅၀-၀၆၆၅၂၊ ဒေါက်တာဟံဝင်း ဖုန်း-၀၉-၅၀-၁၃၁၈၉၊ ကိုညိုထွန်း ဖုန်း-၀၉-၅၀-၄၉၂၉၀၊ ကိုခင်စိန် ဖုန်း-၀၉-၅၁-၇၄၉၈၀၊ ကိုမင်းသွင်ညွန့် ဖုန်း-၀၉-၅၀- ၀၆၉၉၀၊ ကိုဉာဏ်ထွန်း ဖုန်း-၀၉-၅၀- ၁၃၈၃၇၊ ကိုဝင်းကို ဖုန်း-၇၀၁၁၅၇၊ ကိုအောင်တင့် ဖုန်း-၀၉-၅၀-၁၂၁၀၄၊ ကိုဝင်းကြည် ဖုန်း-၀၉-၅၁-၇၀၈၁၉၊ ဒေါက်တာမြင့်စိုး ဖုန်း-၀၉-၉၉-၂၅၁၀၅၊ ကိုဇော်ဝင်းဦး ဖုန်း-၀၉-၅၁-၁၅၈၃၈၊ ကိုမင်းနောင် ဖုန်း-၇၂၃၆၆၈နှင့် ကိုမင်းသိမ်း ဖုန်း-၀၉-၅၁-၄၄၆၆၁ တို့သို့ ဆက်သွယ်၍ အလှူငွေများ ပါဝင်လှူဒါန်းနိုင်ကြောင်း သိရသည်။

(မြန်မာ့အလင်း)

စစ်ကိုင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ လက်ထောက်ညွှန်ကြားရေးမှူး ဦးဇေယျာညို အောက်တိုဘာ ၁၇ရက်က စစ်ကိုင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေးကြီး မီးဘေးကြိုတင် ကာကွယ်ရေးလုပ်ငန်းများ ကွင်းဆင်းစစ်ဆေးရာ ဒုတိယဦးစီးမှူး(ဈေး) ဦးဝဏ္ဏအောင်က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

ယင်းမာပင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေဖြင့်ဆောင်ရွက်သော လည်ငေါက်-ချင်ပြစ်လမ်းပေါ်ရှိ တံတားအမှတ်(၅)တည်ဆောက်ပြီးစီးမှုကို အောက်တိုဘာ ၂၀ရက်က မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးသန်းဇော်ဝင်း ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးဝင်းဇော်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးတင်မောင်စိုး တို့က ရှင်းလင်းတင်ပြစဉ်။

(မြို့နယ် ပြန်/ဆက်)

မှုခင်းသတင်း

နေ့ခင်းကြောင်တောင် ကျပ်သိန်း၆၀၀ကျော်တန်ဖိုးရှိ ရွှေထည်လက်ဝတ်ရတနာများ ဖောက်ထွင်းခိုးယူမှု ပေါင်မြို့နယ် မုတ္တမ၌ဖြစ်ပွား

ပေါင် နိုဝင်ဘာ ၁၅

ပေါင်မြို့နယ် မုတ္တမမြို့တွင် နေ့ခင်းကြောင်တောင် ငွေကျပ်သိန်း၆၀၀ကျော်ဖိုးရှိ ရွှေထည် လက်ဝတ်ရတနာပစ္စည်းများ ဖောက်ထွင်းခိုးယူမှု စက်တင်ဘာ ၈ရက်က ဖြစ်ပွားသည်။

ဖြစ်ပွားပုံမှာ စက်တင်ဘာ ၈ရက် နံနက်က အခင်းဖြစ် ပေါင်မြို့နယ် မုတ္တမ မီးရထား စက်ခေါင်းရုံ ဝင်းအတွင်းရှိ နေအိမ်တွင် ဒေါ်စန်းစန်းဌေးသည် ကလေးဖြစ်သူအား ကျောင်းပို့ရန် နေအိမ်ကို သော့ခတ်သွားခဲ့ပြီး နေအိမ်သို့ ပြန်ရောက်လာချိန်တွင် တံခါးဖွင့်၍ အိမ်အတွင်းသို့ဝင်ရာ နေအိမ်အတွင်း ဗီရိုထဲမှအဝတ်အစားများ ပြန့်ကျဲလျက် ရွှေထည်လက်ဝတ်ရတနာများ ထည့်ထားခဲ့သည့် သံသေတ္တာမှာလည်းပွင့်၍ ရွှေထည်လက်ဝတ်ရတနာများ ပျောက်ဆုံးနေကြောင်း တွေ့ရှိရသဖြင့် ခင်ပွန်းသည် ဦးမင်းလွင်ရှိရာ မိတ္ထီလာသင်တန်းကျောင်းသို့ အကြောင်းကြားခဲ့သည်။

စက်တင်ဘာ ၁၂ရက်က ခင်ပွန်းသည် ပြန်ရောက်လာသည့်အခါ ဒေါ်စန်းစန်းဌေးက တရားလိုပြုလုပ်၍ မုတ္တမရဲတပ်ဖွဲ့ စခန်းသို့ အမှုဖွင့်တိုင်ကြားခဲ့ရာ မုတ္တမရဲတပ်ဖွဲ့စခန်းမှ စခန်းမှူးရဲအုပ်ခင်ညိုက (ပ)၂၁၂/၂၀၀၈ ပြစ်မှုပုဒ်မ(၃၈၀)ဖြင့် အမှုဖွင့်အရေးယူခဲ့သည်။

မှုခင်းအမြန်ဆုံး ဖော်ထုတ်နိုင်ရေးအတွက် တရားခံသတင်းများကို ဆက်စပ်ဖော်ထုတ်ရန် ကြိုးပမ်းခဲ့ရာ အမှုဖွင့်ပြီး ၁၇နာရီအတွင်း စက်တင်ဘာ ၁၃ရက်တွင် သက်သေခံ ကျပ်သိန်း ၆၀၀ကျော်တန်ဖိုးရှိ ရွှေထည်ပစ္စည်းများနှင့်အတူ အိမ်ဖောက်ထွင်းခိုးယူမှု ကျူးလွန်ခဲ့ကြသော တရားခံနှစ်ဦးဖြစ်သည့် ဒေါ်စန်းစန်းဌေး၏ ညီမ မဝေဇင်သန်းရွှေ၏ခင်ပွန်း တရားခံတင့်ဝေ (ခ)တက်ပုနှင့် ပူးပေါင်းပါဝင်ကျူးလွန်သူ သန်းနိုင်ဆိုသူတို့အား ဖော်ထုတ်ဖမ်းဆီးနိုင်ခဲ့သည်။ ဖမ်းဆီးရမိသော တရားခံနှစ်ဦးအား ပေါင်မြို့နယ် တရားရုံးသို့ တရားစွဲဆိုတင်ပို့ထားကြောင်း သိရသည်။ (၁၇၆)

ဘင်းမ်စတက်အဖွဲ့ဝင်နိုင်ငံများမှ အစိုးရအဖွဲ့ အကြီးအကဲများ၏ အလွတ်သဘောအစည်းအဝေး
ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် တက်ရောက်

နေပြည်တော် နိုဝင်ဘာ ၁၅

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်သည် နိုဝင်ဘာ ၁၃ရက် နံနက် ၁၁ နာရီ၁၅မိနစ်တွင် အိန္ဒိယသမ္မတနိုင်ငံ နယူးဒေလီမြို့ Hotel Taj Palace & Sd Shahjehan Hall ၌ ကျင်းပသည့် ဘင်းမ်စတက်အဖွဲ့ဝင်နိုင်ငံများမှ အစိုးရအဖွဲ့အကြီးအကဲများ၏ အလွတ်သဘောအစည်းအဝေးသို့ တက်ရောက်သည်။

တက်ရောက်

အဆိုပါ အလွတ်သဘောအစည်းအဝေးသို့ ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ အိမ်စောင့်အစိုးရအဖွဲ့ အကြံပေးအရာရှိချုပ် ဒေါက်တာဖခ်ရူဒင်အာမက်၊ ဘူတန်နိုင်ငံဝန်ကြီးချုပ် Loyonchhen Jigmi Y. Thinley၊ အိန္ဒိယသမ္မတနိုင်ငံ ဝန်ကြီးချုပ် ဒေါက်တာမန်မိုဟန်ဆင်း၊ နီပေါနိုင်ငံ ဝန်ကြီးချုပ် Pushpa Kamal Dahal Prachanda၊ သီရိလင်္ကာဒီမိုကရက်တစ် ဆိုရှယ်လစ်သမ္မတနိုင်ငံ သမ္မတမဟင်ဒါရာဂျာပတ်ခ်ဆာ၊ ထိုင်းနိုင်ငံ ဝန်ကြီးချုပ် Mr. Somchai Wongsawat ၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးညဏ်ဝင်း၊ ဘင်းမ်စတက်အဖွဲ့ဝင်နိုင်ငံများမှ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးများနှင့် ဒုတိယဝန်ကြီးများ တက်ရောက်ကြသည်။

စာမျက်နှာ ၁၀ ကော်လံ ၁ ■

သတင်းစာရှင်းလင်းပွဲတက်ရောက်

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် ဘင်းမ်စတက်အဖွဲ့ဝင်နိုင်ငံများမှ အစိုးရအဖွဲ့ အကြီးအကဲများ ဒုတိယအကြိမ် ဘင်းမ်စတက် အစည်းအဝေးနှင့် စပ်လျဉ်းသည့် သတင်းစာရှင်းလင်းပွဲသို့ တက်ရောက်ကြစဉ်။ (သတင်းစဉ်)

လာရောက်တွေ့ဆုံ

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်အား ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ အိမ်စောင့်အစိုးရအဖွဲ့ အကြံပေးအရာရှိချုပ် ဒေါက်တာဖခ်ရူဒင်အာမက် အိန္ဒိယသမ္မတနိုင်ငံ နယူးဒေလီမြို့ရှိ Shangri-La Hotel ၌ လာရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်အား
ဘင်္ဂလားဒေ့ရှ် ပြည်သူ့သမ္မတနိုင်ငံ
အိမ်စောင့်အစိုးရအဖွဲ့ အကြံပေးအရာရှိချုပ် တွေ့ဆုံနှုတ်ဆက်

နေပြည်တော် နိုဝင်ဘာ ၁၅

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်အား ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ အိမ်စောင့်အစိုးရအဖွဲ့ အကြံပေးအရာရှိချုပ် ဒေါက်တာဖခ်ရူဒင်အာမက်သည် နိုဝင်ဘာ ၁၃ရက် ညနေ ၃ နာရီ ၄၅ မိနစ်တွင် အိန္ဒိယသမ္မတနိုင်ငံ နယူးဒေလီမြို့ရှိ Shangri-La Hotel ၌ လာရောက်တွေ့ဆုံနှုတ်ဆက်သည်။

တက်ရောက်

ထိုသို့ တွေ့ဆုံနှုတ်ဆက်ရာတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်နှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးညဏ်ဝင်း၊ အိန္ဒိယသမ္မတနိုင်ငံဆိုင်ရာ ပြည်ထောင်စုမြန်မာနိုင်ငံ သံအမတ်ကြီး ဦးကြည်သိန်း၊ အစိုးရအဖွဲ့ရုံး ညွှန်ကြားရေးမှူးချုပ်ဗိုလ်မှူးကြီးသန့်ရှင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ကျော်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြပြီး ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ အိမ်စောင့်အစိုးရအဖွဲ့ အကြံပေးအရာရှိချုပ် ဒေါက်တာဖခ်ရူဒင်အာမက်နှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာန အကြံပေးပုဂ္ဂိုလ် ဒေါက်တာအစ်ဖ်တက်ကာ အာမက်ချောင်ဒရီနှင့် တာဝန်ရှိအရာရှိကြီးများ တက်ရောက်ကြသည်။

ယင်းသို့ တွေ့ဆုံနှုတ်ဆက်ရာတွင် နှစ်နိုင်ငံအကျိုးတူ ကိစ္စရပ်များအပေါ် ချစ်ကြည်ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။ **(သတင်းစဉ်)**

နိုင်ငံရေးဦးတည်ချက် (၄)ရပ်

- ✳ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- ✳ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး
- ✳ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ✳ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက် (၄)ရပ်

- ✳ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✳ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ✳ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✳ နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက် (၄)ရပ်

- ✳ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- ✳ အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ✳ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ✳ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး